ကြေးမုံ
The Mirror Daily
၁၉၅၇ ဖြို ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

စည်းစိမ်ဥစ္စာ သတင်းကျော်စော

လုံလလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပွမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 18 September 2026 ၁၂၀၅၅

ဒုတိယသမ္မတ ဦးညီစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြား



ဒုတိယသမ္မတ ဦးညီစော၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြစဉ်။

နန်နင်း စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးညီစောသည် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အတူ စက်တင်ဘာ ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် နန်နင်းမြို့ နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာ၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးချုပ်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက အဖွင့်မိန့်ခွန်းပြောကြားကြပြီး (၂၃)ကြိမ်မြောက်တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၃)ကြိမ်မြောက်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ရှမ်းပြည်နယ်အရှေ့ပိုင်း အထူးဒေသ(၄)(မိုင်းလား)ရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေး



နေပြည်တော် စက်တင်ဘာ ၁၇

ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ကျိုင်းတုံပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၃)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)တို့မှပါဂျကြီးများ၊အထူးကုဆရာဝန်ကြီးများ၊ဓာတ်မှန်နှင့် ဓာတ်ခွဲကျွမ်းကျင်သူများ၊ သူနာပြုများ၊ အထောက်အကူပြု ကျွမ်းကျင်ဝန်ထမ်းများနှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၉ ရက်၌ လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/၉လ

ယနေ့ ဖတ်စရာ

အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ
စာမျက်နှာ » ၃

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖြိမ်းချမ်းရေးတော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံ
စာမျက်နှာ » ၄

လိုအပ်သော လူစွမ်းအား အရင်းအမြစ်၊ နည်းပညာပိုင်း ဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေး အရင်းအမြစ်များကို ရေရှည် တည်တံ့စွာရရှိစေရန် ကြိုတင် စီမံကိန်းချမှတ်ပြီး ပူးပေါင်း ဆောင်ရွက်ကြရန် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာချောချောစိန် ပြောကြား
စာမျက်နှာ » ၅

ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်
ဆောင်းပါး စာမျက်နှာ » ၆



အွန်လိုင်းလိမ်လည်လောင်းကစားမှု အမျိုးသားရေးတာဝန်ဖြင့်တိုက်ဖျက်

ကမ္ဘာပေါ်ရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ထိခိုက်ဆုံးရှုံးပျက်ပြားစေရန် ခြိမ်းခြောက်နေသောအန္တရာယ်မှာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ဒုစရိုက်လုပ်ငန်းများဖြစ်သည်။ ကမ္ဘာပေါ်တွင် နည်းပညာများ တစ်နေ့တခြား တိုးတက်ထွန်းကားလာသည်နှင့်အမျှ လူသားများအား ကောင်းကျိုးပြုမှုများနှင့် အတူ မကောင်းမှုဒုစရိုက် အဖျက်အမှောင့်လုပ်ငန်းများအနက် နည်းပညာ အသုံးချပြီး ပြည်သူများအား ခြိမ်းခြောက်နေသည့်လုပ်ငန်းများတွင် အွန်လိုင်း လိမ်လည်မှုနှင့် လောင်းကစားမှုသည် အရေးကြီးသည့်ပြဿနာဖြစ်သည်။

အဆိုပါဒုစရိုက်မှုများသည် ကမ္ဘာတစ်ဝန်းတွင် ပျံ့နှံ့လျက်ရှိကာ မြန်မာနိုင်ငံ အစိုးရက နိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းမှ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသော အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်လျက်ရှိသည်။ အဆိုပါဒုစရိုက်မှုလုပ်ငန်းများကို ပြည်တွင်း အင်အားဖြင့် ထိထိရောက်ရောက် တိုက်ဖျက်လျက်ရှိသလို အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်တိုက်ဖျက်လျက်ရှိရာတွင် ဖမ်းဆီးရမိသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။ နယ်စပ်ဒေသများ၊ အုပ်ချုပ်ရေးယန္တရားနှင့် ကင်းလွတ်နေသောဒေသများတွင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ အခြေမြုပ်နိုင်ရေး စဉ်ဆက်မပြတ် ရှာဖွေဖော်ထုတ် အရေးယူတိုက်ဖျက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများသည် ပြည်သူများ၏လိုအင်နှင့် အားနည်းချက်များကို အသုံးချပြီး နည်းပညာများကိုအသုံးချ၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများတွင် ပြည်ပနိုင်ငံသားများသာမက ပြည်တွင်း၌ ကျူးလွန် လုပ်ကိုင်လျက်ရှိသော နိုင်ငံသားများကိုလည်း ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူ လျက်ရှိသည်။ အွန်လိုင်းလိမ်လည်မှုတွင် လူကုန်ကူးမှုလုပ်ငန်းများအပြင် ပြည်သူများ နှစ်သက်သည့်ငွေကြေးပစ္စည်းများကို မက်လုံးပေးပြီး နည်းအမျိုးမျိုးဖြင့် လိမ်လည်သည့်လုပ်ငန်းများ ပျံ့နှံ့လျက်ရှိသည်မှာ ကြာပြီဖြစ်သည်။ လိမ်လည်ခံရသူများက တိုင်ကြားမှုမရှိသဖြင့် အဆိုပါဒုစရိုက်လုပ်ငန်းများမှာ သက်ဆိုးရှည်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများတွင် အွန်လိုင်း လောင်းကစားလုပ်ငန်းများသည် လူမှုကွန်ရက်များပေါ်၌ ကျယ်ကျယ်ပြန့်ပြန့် တွင်ကျယ်လျက်ရှိသည်။ ပြည်သူများအား အမျိုးမျိုးမက်လုံးပေးသည့် လောင်းကစား လုပ်ငန်းများတွင် နစ်မျောပြီး လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးခဲ့သော ပြည်သူများ အမြောက်အမြားရှိသည်။ ပြီးခဲ့သည့်ရက်များက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ အမျိုးသား အမျိုးသမီးများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ ယခင်ကလည်း နိုင်ငံအတွင်းရှိ မြို့ကြီးများ၌ အွန်လိုင်းလောင်းကစားလုပ်ကိုင်သူများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးခဲ့ပြီးဖြစ်သော်လည်း အဆိုပါလုပ်ငန်းများတွင် လူငယ်လူရွယ်များ ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရသည်မှာ ဥပဒေကို မသိနားမလည်မှု၊ လေးစားလိုက်နာမှုနှင့် လိမ်လည်မှုမှ အကျိုးအမြတ်များရရှိနေသောကြောင့်ဖြစ်သည်ဟု သုံးသပ်တွေ့ရှိရသည်။

အများပြည်သူတို့အား ကောင်းကျိုးမပြုသည့် ဒုစရိုက်မှုလုပ်ငန်းများကို သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများက ရှာဖွေဖော်ထုတ်အရေးယူဆောင်ရွက်ရုံဖြင့် မလုံလောက်ဘဲ ပြည်သူများ ပူးပေါင်းပါဝင်မှသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြီးခဲ့သည့်ရက်ပိုင်းက တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အမြို့မြို့အနယ်နယ်တွင် ခိုအောင်းလျှို့ဝှက်လုပ်ကိုင်နေသော အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုကျူးလွန်သူများကို ရှာဖွေဖော်ထုတ် ဖမ်းဆီးအရေးယူနိုင်ခဲ့သည်။ လူငယ်လူရွယ်များသည် မသိ၍ဖြစ်စေ၊ သိလျက်နှင့် ဖြစ်စေ အဆိုပါဒုစရိုက်လုပ်ငန်းများ လုပ်ကိုင်မှုများနှင့်ပတ်သက်၍ အရေးယူမှုများနှင့်အတူ အသိပညာပေးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများသည် အများပြည်သူတို့ကို အန္တရာယ်ပေးလျက်ရှိသော ဒုစရိုက်လုပ်ငန်းများဖြစ်သောကြောင့် အဆိုပါလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းမပြုလုပ်ကြရန်နှင့် နိုင်ငံတော်အစိုးရက လူသားများအား အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အရှိန်အဟုန်ဖြင့် တိုက်ဖျက်နိမ်နင်းလျက်ရှိသည်ကို အားလုံးသတိပြုပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဇော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

၁၁ ကေဗွီ ရာဇသင်္ဘာ အိမ်ရာ(၂) ဓာတ်အားလိုင်းအား ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအမှတ် (၈) ရှိ ၁၁ ကေဗွီ ရာဇသင်္ဘာအိမ်ရာ (၂) ဓာတ်အားလိုင်းကို စက်တင်ဘာ ၁၈ ရက်တွင် နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ဥပဒ္ဓာရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက် နေရာအချို့နှင့် ရတနာသိဒ္ဓိရပ်ကွက်တို့တွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဇရိယာများရှိ အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ သတင်းစဉ်

(၁၇-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၉ ~ ၃၆၇၁	၅၅၅.၃ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၈,၄၀၈,၀၆၂.၈၄	၉,၈၁၁,၄၇၇.၇၈	၆,၈၇၆,၂၈၈.၁၄	-

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၁၇ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၁၇ - ၉ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၉,၀၀၀	၁၉,၀၀၀	၂	၃,၈၀၀၀
MTSH	၈,၆၀၀	၈,၇၀၀	၂,၁၅၆	၁၈,၅၄၇,၂၀၀
MCB	၁၃,၅၀၀	၁၃,၀၀၀	၅၁၆	၆,၇၀၈,၅၀၀
FPB	၇,၀၀၀	၇,၀၀၀	၂၈၈	၂,၀၁၆,၀၀၀
TMH	၃,၂၅၀	၃,၂၅၀	၁၄၄	၄၆၈,၀၀၀
EFR	၁,၉၀၀	၁,၈၅၀	၁,၇၅၃	၃,၂၆၉,၂၅၀
AMATA	၄,၄၀၀	၄,၃၀၀	၃၀	၁၃၀,၅၀၀
MAEX	၆,၇၀၀	၆,၇၀၀	၃၆	၂၄၁,၂၀၀
MADPL(PLB)	၆,၄၀၀	၆,၄၀၀	၅၂၁	၃,၃၄၄,၄၀၀
ASPGB(PLB)	၅,၈၀၀	၅,၆၀၀	၃,၆၆၉	၂၂,၆၀၃,၄၀၀

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိမိမို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ နိုင်သန္တာလွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နိုလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ညီညွတ်ရေးက အရေးကြီး

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေးဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသောသွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ ပြန်ပြီးစုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးကအရေးကြီးပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ ဃာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

ဥပဒေကဲ့သို့အာဏာတည်သောအမိန့်အမှတ် ၆ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်

(၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်)

ပြည်ထောင်စုဝန်ကြီး အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၂ ပုဒ်မခွဲ (က) နှင့် (ခ)၊ ပုဒ်မ ၂၃၂ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၃)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) တို့အရ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကြီးကိုကိုဦးအား ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက် ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၆ ပညာသင်နှစ် အဝေးသင် သင်တန်းများ စာမေးပွဲဖြေဆိုမည့်ရက်များအား အောက်ပါအတိုင်း ကြေညာလိုက်သည်-

သင်တန်း		စာမေးပွဲဖြေဆိုမည့်ရက်
ပထမအသုတ် အဝေးသင်သိပ္ပံအထူးပြုဘာသာရပ်များ အားလုံး	-	၁-၁၀-၂၀၂၆ မှ ၇-၁၀-၂၀၂၆ ထိ
ဒုတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-အင်္ဂလိပ်စာ၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဒဿနိကဗေဒ)	-	၂၂-၁၀-၂၀၂၆ မှ ၃၀-၁၀-၂၀၂၆ ထိ
တတိယအသုတ် အဝေးသင်ဝိဇ္ဇာအထူးပြုများ (ဘာသာရပ်-မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံပညာ)	-	၁၆-၁၁-၂၀၂၆ မှ ၂၅-၁၁-၂၀၂၆ ထိ

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

❐ ရှေ့ပုံမှ

တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးကို ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတက မိန့်ခွန်းပြောကြားရာတွင် China-ASEAN EXPO သည် တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးသည့် ပြပွဲတစ်ခုအဖြစ်သာမက ယုံကြည်မှုတည်ဆောက်ရေး၊ စီးပွားရေးအခွင့်အလမ်းများ ရှာဖွေရေး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်ရေးနှင့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးတို့ အတွက် အရေးပါသည့် စကြံတစ်ခုလည်းဖြစ်ကြောင်း။

ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ASEAN-China Free Trade Area – ACFTA 3.0 တွင် ကဏ္ဍသစ်များဖြစ်သည့် ဒီဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင်စီးပွားရေး၊ ထောက်ပံ့ပို့ဆောင်မှု ကွင်းဆက်၊ ယှဉ်ပြိုင်မှုနှင့် စားသုံးသူကာကွယ်ရေး ကဏ္ဍများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး အခွင့်အလမ်းများကို ပိုမိုဖွင့်လှစ်ပေးနိုင်သည့်အပြင် လွတ်လပ်မှုတပြိုး စည်းမျဉ်းအခြေခံသည့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ကုန်သွယ်မှုကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေဖြင့် နိုင်ငံတော်တာဝန်ယူပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံလေးနိုင်ငံအပါအဝင် နိုင်ငံပေါင်း ရှစ်နိုင်ငံသို့ ခရီးစဉ်များ သွားရောက်ခဲ့ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် နှစ်ဖက်အကျိုးရှိမည့် လက်တွေ့ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့် ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ၂၀၂၆ ခုနှစ် ဇွန်လအတွင်း တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ရှီကျင့်ဖျင်နှင့်လည်း မြန်မာ-တရုတ် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ ထုတ်ပြန်ချက်သည် နှစ်နိုင်ငံအကြား တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ဆွေနွေးညီနိုင်းမှုနှင့် အပြန်အလှန် အကျိုးရှိမှုတို့အပေါ် အခြေခံပြီး ပူးပေါင်းဆောင်ရွက်မှုကိုဆက်လက်မြှင့်တင်သွားရန်သဘောတူခဲ့ကြောင်း၊ ထို့ပြင် တရုတ်-မြန်မာ စီးပွားရေးစကြံ၊ စွမ်းအင်၊ လျှပ်စစ်၊ ဒီဂျစ်တယ်စီးပွားရေး၊ ဥဇာရည်တုနည်းပညာ၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍများနှင့် နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက်လည်း သဘောတူခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ဆက်လက်ခိုင်မာစေပြီး အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုကိုလည်း အာဆီယံ၏ အချက်အချာကျမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်အကျိုးရှိမှုတို့အပေါ်အခြေခံ၍ ဆက်လက်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၏ တရုတ်-အာဆီယံ စီးပွားရေးခေါင်းဆောင်များဖိုရမ်သို့ အာဆီယံနိုင်ငံများ၊ ဖိတ်ကြားထားသည့်နိုင်ငံများမှ အကြီးအကဲများနှင့် အတူ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ပြပွဲစင်တာ၌ ကျင်းပသည့် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ ပဲခူးမြို့ (City Of Charm) ပြခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ ပြခန်းများနှင့် အာဆီယံနိုင်ငံ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

(၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပြခန်းပေါင်း ၈၁ ခန်း ဖြင့် စိုက်ပျိုးရေးထွက်ကုန်များ၊ လက်မှုအနုပညာ ပစ္စည်းများနှင့် ကျောက်မျက်ရတနာများကို ခင်းကျင်းပြသလျက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြခန်းစုစုပေါင်း ၁၀၀၀ ကျော်ခန့် ဖွင့်လှစ်ကာ နိုင်ငံအလိုက် ထွက်ကုန်များကို ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။**သတင်းစဉ်**

❖ ရှမ်းပြည်နယ်အရှေ့ပိုင်းမှ

မိုင်းလားပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ သူနာပြုများပါဝင်သည့် ကွင်းဆင်းဆေးကုသမှုအဖွဲ့သည် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ ၄(မိုင်းလား)သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ရောဂါရှာဖွေစစ်ဆေးပေး

ထိုသို့ ဆေးကုသမှုပေးရာတွင် အထွေထွေရောဂါအထူးကုလူနာ ၁၉၂ ဦး၊ ခွဲစိတ်ရောဂါအထူးကုလူနာ ၉၉ ဦး၊ ကလေးလူနာ ၆၄ ဦး၊ သားဖွားမီးယပ်အထူးကုလူနာ ၃၅ ဦး၊ အရိုးအကြောအထူးကုလူနာ ၈၇ ဦး၊ မျက်စိအထူးကုလူနာ ၅၄ ဦး၊ နား/နာခေါင်း/လည်ချောင်းအထူးကုလူနာ ၅၄ ဦး၊ အကြောအဆစ်နှင့် ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးလူနာ ၁၁၆ ဦး၊ သွားနှင့်ခံတွင်း လူနာ ၆၇ ဦး၊ စိတ်ကျန်းမာရေးအထူးကုလူနာ ၁၂ ဦး၊ကင်ဆာရောဂါအထူးကုလူနာ ၀၊ဦး၊စုစုပေါင်း ၇၈၃ ဦးအား ဆေးကုသမှု ဆောင်ရွက်ပေးခြင်း၊ လူနာ ၇၂ ဦးကို ECG ဖြင့် စမ်းသပ်စစ်ဆေးပေးခြင်း၊ လူနာ ၁၁၀ ကို Ultrasound ဖြင့် ရောဂါရှာဖွေစစ်ဆေးပေးခြင်း၊ လူနာ ၃၅ ဦးကို ဓာတ်ခွဲစစ်ဆေးပေးခြင်း၊ လူနာ ၄၀ ကို ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်း၊ လူနာ နှစ်ဦးကို အသေးစားခွဲစိတ်ကုသမှုပေးခြင်းနှင့် ဒေသခံအာခါတိုင်းရင်းသားများအား အာခါတိုင်းရင်းသားဘာသာစကားဖြင့် ဘာသာပြန်အသံသွင်းထားသော ကျန်းမာရေးဆိုင်ရာ စံပြအချက်အလက်များ အသံဖိုင်ကို အသုံးပြု၍ မကူးစက်နိုင်သော ရောဂါများနှင့် တီဘီရောဂါကာကွယ်ကုသမှု ဆိုင်ရာ ကျန်းမာရေးအသိပညာပေးခြင်းတို့အား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့ညနေ ၄ နာရီ ၃ မိနစ် ၅၅ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၃၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျောက်ဆည်မြို့၏ အရှေ့ဘက် ၁၈ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၄၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၃ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **မိုး/၈၆၁**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် နိုင်ငံရေးပါတီများနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနခွဲ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှ အဖွဲ့ဝင်၊ နိုင်ငံရေးပါတီများအစုအဖွဲ့ ၃၂ ပါတီမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြောကြား

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ယနေ့နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုသည် ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် NSPNC နှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အဖြတမ်းအလုပ်အဖွဲ့ ၁၆ ဦးအား ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုအား ကိုယ်စားပြုသူများဖြစ်ကြောင်း၊ ယခင်ဆွေးနွေးရန် သဘောတူညီထားသည့် ဆွေးနွေးချက်များကိုလည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ လက်နက်ကိုင်များအား တရားဥပဒေဘောင်အတွင်း ဝင်ရောက်ရန် နိုင်ငံရေးပါတီများအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် ကင်းကွာသွားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်ရေး နိုင်ငံရေးပါတီများက ကူညီဆောင်ရွက်ပေးနိုင်မည့် နည်းလမ်းများအား ဆွေးနွေးပေးစေလိုကြောင်း၊ ပဋိပက္ခဖြစ်ပွားနေသည့် ဒေသများအား ယခင်ပုံစံအတိုင်းပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နေထိုင်ရာ ဒေသများတွင်ရှိသည့် နိုင်ငံရေးပါတီများ အနေဖြင့်လည်း ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နိုင်သည့် နည်းလမ်းများအား ဆွေးနွေးပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများနှင့် ယခင်ဆွေးနွေးခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပဋိပက္ခဖြစ်ပွားလျက်ရှိသော ဒေသများတွင်ရှိသည့် နေရပ်စွန့်ခွာသူများ နေရပ်ပြန်လည်ရောက်ရှိနိုင်ရေး ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် ငြိမ်းချမ်းရေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ချမှတ်ပေးထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အလားတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (အငြိမ်းစား)က ယခင်အတွေ့အကြုံနှင့် အောင်မြင်မှုများအပေါ် အခြေခံပြီး လက်ရှိနိုင်ငံရေးအခြေအနေနှင့်လိုက်လျောညီထွေဖြစ်စေရန် ပိုမိုချိတ်ဆက်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်၊ အနာဂတ်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ဦးတည်ချက်၊ အသွင်ကူးပြောင်းရေးမဟာဗျူဟာနှင့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံရေးပါတီ ၃၂ ပါတီမှ ကိုယ်စားလှယ်များက ယခင်လက်မှတ်ရေးထိုးခဲ့သည့် Bilateral ပါ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးစကားဝိုင်းများ ကျင်းပဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် မိဒီယာများ၏ အခန်းကဏ္ဍ အရေးပါပုံ၊ အငြင်းပွားမှုများကို ဥပဒေနှင့်အညီ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများပါဝင်မှုနှင့် ပတ်သက်ပြီး လုပ်ထုံးလုပ်နည်း၊ စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ ပါဝင်လာနိုင်ရေးကိစ္စရပ်များ၊ နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည့် နည်းလမ်းများ၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှ ပြင်ဆင်ဆောင်ရွက်နိုင်သည့်အချက်များ၊ ပြည်သူလူထုအား အသိပညာပေးဆောင်ရွက်မှု လုပ်ဆောင်နိုင်ရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေးအတွက် အမြင်သဘောထားများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး ဆွေးနွေးပွဲ ပထမနေ့ကို ရပ်နားခဲ့သည်။

ဆွေးနွေးပွဲ ဒုတိယနေ့ကို စက်တင်ဘာ ၁၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်လျှပ်စစ်မန်နေဂျာရုံးနှင့် ရန်ကင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတို့တွင် လျှပ်စစ်ဓာတ်အား လေလွှင့်ပျောက်ဆုံးမှုကျဆင်းရေး၊ ဓာတ်အားခကြွေးကျန်ကျဆင်းရေး ဆောင်ရွက်ထားမှု၊ အွန်လိုင်းမှ မီတာလျှောက်ထားမှု အခြေအနေကို ယမန်နေ့က လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ရပ်/ပျက်/နေး ဖြစ်ပေါ်နေသည့် မီတာများအား အဖြန်အစားထိုးလဲလှယ်ရန်၊ ဖီဒါ/ ထရန်စဖေါ်မာများအလိုက် ဓာတ်အား လေလွှင့်ဆုံးရှုံးမှုများကို စိစစ်တွက်ချက်၍ တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများအား ဖော်ထုတ်အရေးယူရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ ခရိုင်နှင့် လှိုင်သာယာ(အရှေ့)၊ လှိုင်သာယာ(အနောက်)၊ ထန်းတပင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ရွှေလင်ပန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မိတ္ထီလာခရိုင်အတွင်း ရေရှားပါးမှုနှင့်ကြုံတွေ့နေရပြီး အချို့သောဆည်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းသဖြင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေကို စနစ်တကျပြန်လည်စိစစ်မံခန့်ခွဲကြရန် ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော် မှာကြား

နေပြည်တော် စက်တင်ဘာ ၁၇

မိတ္ထီလာခရိုင်အတွင်း ရေရှားပါးမှုနှင့် ကြုံတွေ့နေရပြီး အချို့သောဆည်တမံများအတွင်း ရေဝင်ရောက်မှု လျော့နည်းသဖြင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေကို စနစ်တကျပြန်လည်စိစစ် စီမံခန့်ခွဲကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော်က ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၇) အစည်းအဝေးခန်းမ၌ မိတ္ထီလာမြို့နယ်အတွင်းရှိ ခရိုင်၊ မြို့နယ် တာဝန်ခံများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မိတ္ထီလာရေသောက်စနစ် အများပိုင်းရှိ ကုန်းတောင်းရွာအနီး စိုက်ပျိုးရေပေးဝေနေမှုနှင့် မိုးစပါး စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပိုလျှံရေများအား အလေအလွင့် မရှိစေဘဲ ပြင်ပရှိ ရေစုကန်အတွင်း စုဆောင်းထားရှိပြီး စိုက်ပျိုးရေတိုးချဲ့ပေးဝေရန် မှာကြားသည်။

ထို့မှတစ်ဆင့် မိတ္ထီလာမြို့နယ် ညောင်ကန်ကျေးရွာနှင့် ဒဟတ္ထနိုးကျေးရွာရှိ ဆိုလာစနစ်တပ် စိုက်ပျိုးရေစက်ရေတွင်း တွင်းအမှတ် (၁၀)နှင့် (၄) မှ စိုက်ပျိုးရေများအား အသုံးပြု၍ စိုက်ပျိုးထားရှိမှု၊ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေး တိုးတက်ပေးဝေနိုင်ရန် မိတ္ထီလာကန်ရေသောက်မြောင်း (နတ်မြောင်း)မှ ဆိုလာစနစ်တပ်ရောတင် (၈က-၈၀၀)(၂)(လျာထား) လုပ်ငန်း ဆောင်ရွက်မည့်နေရာနှင့် ချောင်းကောက် ဆည်ရေသောက်ချောင်းမှ ဆိုလာစနစ်တပ် ရောတင် (၈က-၈၅) (လျာထား) လုပ်ငန်းဆောင် ရွက်မည့်နေရာတို့ကို လည်းကောင်း၊ ပျော်ဘွယ် မြို့နယ် ချောင်းမကြီးဆည်ရေသောက်စနစ် မြောင်းဆုံးမြောင်းဖျားအထိ ဆည်ရေပေးဝေ နိုင်ရေး စီမံဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒေသခံတောင်သူများနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ ဖူလုံစွာရရှိခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ဖြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားဖြစ်တင်ရေး ရန်ပုံငွေမှ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ အတွက် အရင်းမပျောက် မတည်ငွေဖြင့် ချေးငွေများ စီစဉ်ပေးလျက်ရှိကြောင်း၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းပေးနိုင်မှုရှိသော နေရာများတွင် ရေတွင်းများတူးဖော်၍ ရေအရင်းအမြစ်များကို သေချာစွာ ချိန်ညှိအသုံးပြုနိုင်ရေး အတွက် လိုအပ်သော ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



လိုအပ်သော လူစွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

အရည်အသွေးအာမခံမူလုပ်ငန်းသည် အဆင့်မြင့်ပညာအဖွဲ့အစည်းများတွင် သင်ကြားသင်ယူမှု၊ စီမံခန့်ခွဲမှုနှင့် ပံ့ပိုးဝန်ဆောင်မှုများကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်သော စဉ်ဆက်မပြတ် လုပ်ငန်းစဉ်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လိုအပ်သော လူစွမ်းအားအရင်းအမြစ်၊ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ရေရှည်တည်တံ့စွာရရှိစေရန် ကြိုတင်စီမံကိန်းချမှတ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃)၌ ကျင်းပသည့် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေး အာမခံမှုအကဲဖြတ်ကော်မတီ(NAQAC) အစည်းအဝေးတွင် ပြောကြားသည်။

ထို့အတူ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တက္ကသိုလ်အဆင့်၊ ဦးစီးဌာနအဆင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ပြောကြားသည်။



ဆက်လက်၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကြည်ရွှင်က အဆင့်မြင့်ပညာဦးစီးဌာနက ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ကဏ္ဍ(၃)တွင် ဆုံးဖြတ်ခဲ့သော အရည်အသွေးအာမခံမူဆိုင်ရာ ရည်မှန်းချက်(၃)ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် NAQAC Institutional Quality Assurance Principles, Standards and Criteria များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ပိုင်းဝန်းဆွေးနွေးကြကာ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ/ဌာနမှူးများကို Virtual စနစ်ဖြင့် တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပညာရေးစနစ်ကို ဒေသတွင်း အာဆီယံနိုင်ငံများ၏ ပညာရေးစနစ်နှင့် နှိုင်းယှဉ်လေ့လာကာ ဘွဲ့ကြိုသင်တန်းများ၏ သင်တန်းကာလကို ယနေ့ခေတ်နှင့်လိုက်လျောညီထွေဖြစ်စေရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကျင်းပရေး၊ ရန်ကုန်နှင့်မန္တလေးအဝေးသင်တက္ကသိုလ်များကို National Open University များအဖြစ် အကောင်အထည်ဖော်နိုင်ရေးနှင့် တက္ကသိုလ်များတွင် Library-based learning နှင့် Project-based learning များ ထိရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၇

စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပွဲတော်ကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါပွဲတော်တွင် ပြည်နယ် ဝန်ကြီးချုပ်က ဘင်ခရာ၊ ပန်းမွှား အဖွဲ့များအတွက် ဂုဏ်ပြုဆုများ ပေးအပ်ပြီး ပြခန်းများ၊ ပြိုင်ပွဲများ၊ ဓာတ်ပုံပြပွဲ၊ ကျောင်းစာကြည့်တိုက်၊ စာဖတ်ခန်းနှင့် ကျောင်းသား ကျောင်းသူများ၏ သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများအတွက် အာဟာရ မုန့်များ ပေးအပ်သည်။

ဆက်လက်၍ ပွဲတော်ဒုတိယပိုင်းအစီအစဉ်များကို အဆိုပါ ကျောင်း ပညာရတနာခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ပွဲတော်ကျင်းပနိုင်ရေးအတွက် အလှူငွေ ကျပ်သိန်း ၅၀ ပေးအပ်ကာ အလှူရှင်များ၏ အလှူငွေများ လှူဒါန်းမှုအပေါ် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

သဃ်နဲ်းကျွန်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန် တိုင်းဒေသကြီး သဃ်နဲ်းကျွန်းမြို့နယ်၌ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်နှင့် ဖြောင့်မတ်တည်ကြည်မှုခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ဧဝနရပ်ကွက် မိုးသောက်ပန်း တိုးတက်မှု ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။



ပြောကြား

ဦးစွာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (ရန်ကုန်ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ဖြောင့်မတ် တည်ကြည်မှုနှင့် သက်ဆိုင်သည်များ ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုအပေါ် ပြန်လည် ဖြေကြားဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

ဖလမ်းမြို့ အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၁၇

ချင်းပြည်နယ် ဖလမ်းမြို့ ဖါရိုထောက်ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှုကို ယနေ့ဆောင်ရွက်ကြသည်။

ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် အဆိုပါ ကျောင်း၌ ကျောင်းသား ကျောင်းသူများ၏ အာဟာရအုပ်စုလက်တွေ့သရုပ်ပြ ရှင်းလင်းမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင် များနှင့်အတူ ယနေ့နံနက်ပိုင်းက သွားရောက် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျန်းမာရေး ဝန်ကြီးဌာနမှ လှုဒါန်းသည့် သွားတိုက်တံနှင့် သွားတိုက်ဆေးများကို ပေးအပ်လှုဒါန်းပြီး KG ကလေးများကို အာဟာရတိုက်ကျွေးနေမှု၊ အဆိုပါ မူလတန်းကျောင်း တစ်စိတ်တစ်ပိုင်းပြုပြင်နေမှုကို ကြည့်ရှုသည်။

ထို့နောက်ဆင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရုံးအဆောက်အအုံ၊ ဦးစီးအရာရှိနေအိမ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှင့် လေးခန်းတွဲဝန်ထမ်းအိမ်ရာ ပြုပြင်ပြီးစီးမှု၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရုံးအဆောက်အအုံပြုပြင်ပြီးစီးမှု၊ မိုးလေဝသဆိုင်ရာ စက်ကိရိယာများ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဝန်ထမ်းအိမ်ရာ သုံးလုံးတစ်စိတ်တစ်ပိုင်း ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ချင်းပြည်နယ် တီးတိန်၊ တွန်းဇနှင့်ဖလမ်းမြို့များရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာ အဆောက်အအုံများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပထမအဆင့်ပြုပြင်မှုများ ဆောင်ရွက်လျက်ရှိရာ တွန်းဇ်မြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများ တစ်စိတ်တစ်ပိုင်းပြုပြင်နေမှု လုပ်ငန်းအားလုံး၏ ၅၈ ဒသမ ၈ ရာခိုင်နှုန်း၊ တီးတိန်မြို့ရှိ ပြုပြင်မှုလုပ်ငန်းများ၏ ၈၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ဖလမ်းမြို့ရှိ ပြုပြင်မှုလုပ်ငန်းများ၏ ၅၈ ဒသမ ၃၈ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဘင်္ဂလားပင်လယ်အော် အခြေအနေ


နေပြည်တော် စက်တင်ဘာ ၁၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်

မင်းခန့်



လူမှုကွန်ရက်ပေါ်တွင် တွေ့ရှိရသည့် ဝရမ်းပြေး ကျော်မိုးထွန်း သတင်း

မကြာမီကာလအတွင်း ကုလသမဂ္ဂရဲ့ခန့်အပ်လွှာစိစစ်ရေးကော်မတီ (Credentials Committee) က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေရဲ့ ကုလသမဂ္ဂဆိုင်ရာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးများ ခန့်အပ်ဖို့အတွက် ပြန်လည်သုံးသပ် စိစစ်ဆုံးဖြတ်တော့မှာဖြစ်ပါတယ်။

အဲဒီသံအမတ်ကြီးရာထူးနေရာဟာ သက်ဆိုင်ရာနိုင်ငံအစိုးရများက အမည်စာရင်းတင်သွင်းသူကို အဖွဲ့ဝင် (၉) နိုင်ငံပါတဲ့ Credentials Committee က အရည်အချင်း စိစစ်ရွေးချယ်ပြီး ကုလသမဂ္ဂ အထွေထွေညီလာခံမှာ အတည်ပြုခန့်အပ်တဲ့ရာထူးဖြစ်ပါတယ်။

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ် သံအမတ်ကြီးရာထူးနေရာအတွက် ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲကြောင့် ကိုယ်စားပြုခွင့်ရှိသူကို ဆိုင်းငံ့ (Deferral) ထားခဲ့ရပါတယ်။ ဒါပေမဲ့လည်း ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလက NLD အစိုးရ ခန့်အပ်ထားတဲ့ ကျော်မိုးထွန်းဟာ Credentials Committee ရဲ့ လုပ်ထုံးလုပ်နည်း Rule–29 အရ မြန်မာနိုင်ငံအတွက် တရားဝင်ကိုယ်စားပြုခွင့်မရှိပေမယ့် ကုလသမဂ္ဂထိုင်ခုံနေရာက ဖယ်ရှားခြင်းမပြုသေးလို့ လက်ရှိကုလသမဂ္ဂမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ်သဘောမျိုးနဲ့ ရပ်တည်လှုပ်ရှားနေတာ မြင်တွေ့နေရပါတယ်။

၂၀၂၁ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် ဧပြီလအထိ နိုင်ငံတဝန်းယူခဲ့တဲ့ နိုင်ငံတော်အစိုးရကို နိုင်ငံရေးအရ အသိအမှတ်ပြုမှု (Political Legitimacy) အရ အငြင်းပွားခဲ့ကြလို့ NLD အစိုးရက ခန့်အပ်တဲ့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်းဟာ ကုလသမဂ္ဂရဲ့ အလွတ်သဘောအစည်းအဝေးတွေမှာ မြန်မာနိုင်ငံကိုယ်စားပြုနေသလိုမျိုး ထင်ယောင်ထင်မှား လှုပ်ရှားခွင့်ရနေခြင်းဖြစ်ပါတယ်။

ကျော်မိုးထွန်းရဲ့သရုပ်အမှန်ကို အချက်သုံးချက် ရှင်းလင်းချေပြ

အခုလာမယ့် (၈၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကာလအတွင်း ကျင်းပမယ့် Credentials Committee အစည်းအဝေးမှာတော့ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး နေရာအတွက် လက်ရှိမြန်မာနိုင်ငံရဲ့ ရွေးကောက်ခံ အစိုးရက အဆိုပြုမယ့်သူကို အသိအမှတ်ပြုမလား၊ ယခင်နှစ်များအတိုင်း မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုကို ဆုံးဖြတ်ဖို့ ထပ်မရွေ့ဆိုင်းမလား၊ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်နေရာကို အလွတ်ထားမလားဆိုတာ Credentials Committee အဖွဲ့ဝင် နိုင်ငံတွေ ဆုံးဖြတ်ရတော့မှာဖြစ်ပါတယ်။

ဒါကြောင့်လည်း Credentials Committee အဖွဲ့ဝင်နိုင်ငံများအပါအဝင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများသိသင့်တဲ့ သံအမတ်ကြီးဟောင်း ဝရမ်းပြေး ကျော်မိုးထွန်းရဲ့ သရုပ်အမှန်ကို အချက်သုံးချက် ရှင်းလင်းချေပြီး ပြည်သူတွေရဲ့ တရားဝင်တောင်းဆိုမှုတွေနဲ့ ဆန္ဒတွေကို ထုတ်ဖော်သွားမှာဖြစ်ပါတယ်။

ပထမဆုံးအချက်ကတော့ သံအမတ်ကြီးဟောင်း ကျော်မိုးထွန်းဟာ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ တည်ဆဲဥပဒေများအရ အရေးယူ ခံထားရတဲ့ သစ္စာဖောက်ဝန်ထမ်း၊ ဝရမ်းပြေးတစ်ဦး ဖြစ်ပါတယ်။ သူ့ကို အရေးယူထားတဲ့ပုဒ်မတွေဟာ နိုင်ငံရေးပုဒ်မတွေမဟုတ်ဘဲ နိုင်ငံတော်ကို သစ္စာဖောက်ဖျက်ပုန်ကန်လို့ ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂) အပါအဝင် မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တို့အရ ဖမ်းဝရမ်း ထုတ်ထားခြင်းဖြစ်ပါတယ်။

ဒါ့အပြင် နိုင်ငံခြားရေးဝန်ကြီးဌာနက သံတမန်တစ်ဦးအနေနဲ့ နိုင်ငံတော်ကပေးအပ်တဲ့အမိန့်နှင့် ညွှန်ကြားချက်ကို လိုက်နာခြင်းမရှိဘဲ တရားမဝင်အဖွဲ့အစည်းကို သစ္စာခံ ကိုယ်စားပြုလှုပ်ရှားမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့က ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal)ခံထားရသူဖြစ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ ဆက်သွယ်ရေးပုဒ်မ ၆၆(ဃ) တို့အရ ထပ်မံတရားစွဲဆိုထားပြီးဖြစ်ပါတယ်။

အဲဒီလို ရာဇဝတ်ပြစ်မှုတွေနဲ့ ဖမ်းဝရမ်းထုတ်ခံထားရတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းဟာ နယူးယောက်မြို့မှာရှိတဲ့ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံအဖွဲ့ရုံးပိုင် နိုင်ငံတော်ဘဏ္ဍာငွေတွေကိုလည်း ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားပြုလုပ်ထားကြောင်း စုံစမ်းသိရှိရပါတယ်။ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးအတွက် ရုံးအသုံးစရိတ်တွေကို မြန်မာအစိုးရအဆက်ဆက်က သံရုံးပိုင် ငွေစာရင်းအဖြစ် နယူးယောက်မြို့ရှိ Bank of America မှာ အပ်နှံထားရှိပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ဘဏ်ငွေစာရင်းမှာ ၂ ဒသမ ၇၆ သန်းနဲ့ ယူရိုငွေ သုံးသောင်းရှစ်ထောင်ကျော် ကျန်ရှိပြီး အဲဒီငွေတွေ ထုတ်ယူသုံးစွဲဖို့ Bank of America ရဲ့ စည်းမျဉ်းအရ သံအမတ်ကြီးဆိုတဲ့အမည်နဲ့ အခြားသူတစ်ဦး ပေါင်းနှစ်ဦးနဲ့ Joint Account ဖွင့်လှစ်ထားရှိတယ်လို့ ကြားသိရပါတယ်။

အကြံသမား ကျော်မိုးထွန်းဟာ Joint Account ထဲမှာရှိတဲ့နိုင်ငံတော်ဘဏ္ဍာငွေကြေးတွေကိုကိုယ်ကျိုးအတွက် အသုံးပြုနိုင်ဖို့ Bank ရဲ့ စည်းမျဉ်းနဲ့ သံအမတ်ကြီးအခွင့်အာဏာကို အသုံးချပြီး ပူးတွဲလက်မှတ်ရေးထိုးသူကိုဖယ်ရှားကာ သူတစ်ဦးတည်း ငွေထုတ်ယူနိုင်အောင် ပြုလုပ်ခဲ့ပါတယ်။ အဲဒီငွေစာရင်းထဲမှာ ရှိတဲ့ငွေတွေဟာ နိုင်ငံတော်ဘဏ္ဍာငွေတွေဖြစ်ပြီး မြန်မာအဖွဲ့ရုံးရဲ့ အသုံးစရိတ်တွေဖြစ်ပါတယ်။ ကိုယ်ရေးကိုယ်တာအတွက် သုံးခွင့်မရှိသလို နိုင်ငံတော်ဘဏ္ဍာဖြစ်တာနဲ့အညီ နှစ်စဉ် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ငွေစာရင်းစစ်ဆေးခံရမှာဖြစ်ပါတယ်။ အဲဒီငွေတွေကို ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ စာရင်းမရှိအင်းမရှိအလွဲသုံးစားပြုလုပ်ထားမှုကြောင့် Bank of America Account ထဲမှာ လက်ကျန်အနည်းငယ်သာ ကျန်ရှိတော့ကြောင်း သိရှိရပါတယ်။

ဒါကြောင့် ရာဇဝတ်မှုအရ တရားခံပြေးဖြစ်နေတဲ့ သစ္စာဖောက် ကျော်မိုးထွန်းဟာ နိုင်ငံတော်ဘဏ္ဍာတွေကို အလွဲသုံးစားပြုလုပ်တဲ့ပြစ်မှုကိုလည်း ကျူးလွန်ထားသူဖြစ်ပါတယ်။ အဲဒီ ငွေကြေးဆိုင်ရာပြစ်မှုဟာ နိုင်ငံတော်ဘဏ္ဍာကို စီမံခန့်ခွဲတဲ့လုပ်ငန်းစဉ်မှာ ဘဏ္ဍာငွေကြေးတွေ ထိခိုက်ဆုံးရှုံးစေခြင်းဖြစ်လို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃(က) အရ အဂတိလိုက်စားမှုငြိနှိုင်းဖွယ်ရာ ရှိနေပါတယ်။

ဒါကြောင့် ဒီလိုကိုယ်ကျင့်တရားပျက်ပြားနေတဲ့ အဂတိသမား၊ ဝရမ်းပြေးတစ်ဦးကို ကုလသမဂ္ဂ စင်မြင့်ထက်မှာ လှုပ်ရှားခွင့်၊ ရပ်တည်ခွင့်မပြုသင့်ကြောင်း Credentials Committee ကို တောင်းဆိုချင်ပါတယ်။

ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်လုပ်ဆောင်ခဲ့

အကြံသမား ကျော်မိုးထွန်းဟာ နိုင်ငံတော်ကို သစ္စာဖောက်ပြီး အဖွဲ့ရုံးပိုင်ငွေကြေးနဲ့ အမေရိကန်နိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်နဲ့ နေထိုင်ဖို့ ရည်ရွယ်ချက်ရှိရှိ ကြိုတင်ကြံစည်လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ မြန်မာအဖွဲ့ရုံးပိုင်ငွေစာရင်းကို သူတစ်ဦးတည်းသဘောနဲ့ ထုတ်ယူသုံးစွဲလို့ ရအောင် လုပ်ဆောင်ခဲ့သလို သူ့မိသားစုကိုလည်း သူနဲ့အတူနေနိုင်ဖို့ သူ့ရဲ့မိဘနဲ့ မိသားစုဝင်တွေကို အောက်လမ်းကနေ အမေရိကန်နိုင်ငံအတွင်း တရားမဝင် ဝင်ရောက်ခွင့်ရရှိအောင် လုပ်ဆောင်ခဲ့ပါတယ်။

ဒါ့အပြင် နယူးယောက်မှာ သူ့ရဲ့ ရုံးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ဖို့အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက သစ္စာဖောက်ဝန်ထမ်း (DCS) လုပ်ခဲ့သူတွေဖြစ်တဲ့ ရဂျိုအောင် နိုင်ငံရေးအရေခြဲ၊ လုပ်စားနေကြတဲ့သူအများစုဖြစ်ကြပါတယ်။ ဒါကြောင့် သူတို့ရဲ့လူထုထောက်ခံပွဲဆိုတာ ပြည်တွင်းက တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့မြန်မာပြည်သူအများစုကို ကိုယ်စားပြုခြင်းမရှိသလို ကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေးအရ အကာအကွယ်ပေးချင်လို့ သူတို့ရဲ့ လုပ်နေကျပုံစံအတိုင်း လူနည်းနည်းစုပြီး သတင်းမီဒီယာမှာ ဓာတ်ပုံပြန်ဝိုင်းလုပ်မယ့် အတုအယောင် ထောက်ခံပွဲသာဖြစ်ပါတယ်။

> Credentials Committee ရဲ့ လွန်ခဲ့တဲ့ငါးနှစ်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကြောင့် ကုလသမဂ္ဂမှာရှိနေတဲ့ မြန်မာအဖွဲ့ရုံးမှာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး တရားဝင်ခန့်အပ်နိုင်ခြင်း မရှိလို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံကိုအုပ်ချုပ်နေတဲ့ အစိုးရတစ်ရပ်ရဲ့ မူဝါဒတွေကို ကုလသမဂ္ဂမှာ တင်ပြခွင့်ဆုံးရှုံးနေရသလို မြန်မာပြည်သူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ရရှိရေးကိစ္စတွေကိုလည်း ကုလသမဂ္ဂနဲ့ပူးပေါင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်မယ့် အခွင့်အရေးများ ဆုံးရှုံးလျက်ရှိနေ

စာမျက်နှာ ၇ သို့ ✻

* စာမျက်နှာ ၆ မှ

ကုလသမဂ္ဂဆိုင်ရာ မြန်မာကိုယ်စားလှယ်ရာထူးနေရာဆိုတာ သက်ဆိုင်ရာနိုင်ငံအစိုးရက ခန့်အပ်ရတဲ့ နိုင်ငံဝန်ထမ်းတွေ တာဝန်ထမ်းဆောင်ရတဲ့နေရာ ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာရမယ့် ကျင့်ဝတ်နဲ့ လုပ်ထုံးလုပ်နည်းတွေကို ဖောက်ဖျက်ပြီး ပုဂ္ဂိုလ်ရေးခံယူချက်၊ အစွန်းရောက် နိုင်ငံရေးယုံကြည်ချက်နဲ့ ကိုယ်ကျိုးစီးပွားအတွက် သံတမန်အခွင့်အရေး ရယူလှုပ်ရှားနေသူကို ကုလသမဂ္ဂအနေနဲ့ လက်မခံသင့်ကြောင်း တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူတွေက တောင်းဆိုနေခြင်းဖြစ်ပါတယ်။

ဒီတောင်းဆိုချက်ဟာ သူ့ကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်နေခြင်း မဟုတ်သလို ကုလသမဂ္ဂအနေနဲ့ ဖမ်းဆီးအပြစ်ပေးဖို့ တောင်းဆိုနေခြင်း မဟုတ်ပါဘူး။ နိုင်ငံတစ်ခုရဲ့ တည်ဆဲဥပဒေတွေချိုးဖောက်ပြီး ငွေကြေးလိမ်လည်မှုတွေ ကျူးလွန်ထားသူတစ်ဦးဟာ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့မထိုက်တန်လို့ သူ့ကို အမြန်ဆုံးဖယ်ရှားပေးရန် တောင်းဆိုနေခြင်း ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ခန့်အပ်ရွေးချယ်မယ့် လုပ်ထုံးလုပ်နည်း Rule-27၊ Rule-29 များအရ သံအမတ်ဟောင်း ကျော်မိုးထွန်း မကိုက်ညီတော့တဲ့ အချက်ကို ရှင်းပြလိုပါတယ်။

Rule-27 အရ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက မိမိတို့နိုင်ငံရဲ့ ကိုယ်စားလှယ်ကို ခန့်အပ်ပေးဖို့ Credentials ကို နိုင်ငံတော်အကြီးအကဲ (Head of State)၊ အစိုးရအကြီးအကဲ (Head of Government) သို့မဟုတ် နိုင်ငံခြားရေးဝန်ကြီးက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ထံ တင်ပြရပါတယ်။ အဲဒီစည်းမျဉ်းအရ သံအမတ်ဟောင်း ကျော်မိုးထွန်း ကို ၂၀၂၀ ပြည့်နှစ် အဲဒီအချိန်က NLD အစိုးရက ခန့်အပ်ဖို့ အမည်စာရင်းတင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ အခု ၂၀၂၆ ခုနှစ်မှာတော့ သူ့ကိုခန့်အပ်ခဲ့တဲ့ NLD အစိုးရ မရှိတော့သလို သူ့ရဲ့ကိုယ်စားပြုမှုက မြန်မာနိုင်ငံ အတွက်မဟုတ်ဘဲ အစိုးရမဟုတ်တဲ့ အကြမ်းဖက် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုနေတာ ထင်ရှား လှပါတယ်။

အစိုးရတစ်ရပ်ရဲ့မူဝါဒတွေကို ကုလသမဂ္ဂမှာ တင်ပြခွင့်ဆုံးရှုံးနေရ

Credentials Committee ရဲ့ လွန်ခဲ့တဲ့ငါးနှစ်က ချမှတ်ခဲ့တဲ့ ဆုံးဖြတ်ချက်ကြောင့် ကုလသမဂ္ဂမှာ ရှိနေတဲ့ မြန်မာအဖွဲ့ရုံးမှာ အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး တရားဝင်ခန့်အပ်နိုင်ခြင်းမရှိလို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံကိုအုပ်ချုပ်နေတဲ့ အစိုးရတစ်ရပ်ရဲ့ မူဝါဒတွေကို ကုလသမဂ္ဂမှာ တင်ပြခွင့်ဆုံးရှုံးနေရသလို မြန်မာပြည်သူတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီရရှိရေးကိစ္စ တွေကိုလည်း ကုလသမဂ္ဂနဲ့ပူးပေါင်းပြီး ထိထိရောက်ရောက် လုပ်ဆောင်ပေးနိုင်မယ့် အခွင့်အရေး များ ဆုံးရှုံးလျက်ရှိနေပါတယ်။

ရိုးသားစွာ အသိပေးလိုတဲ့အချက်ကတော့ ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားခြင်းမပြုတဲ့ အခြေအနေဟာ ကုလသမဂ္ဂသံအမတ်အရေခြုံပြီး အကြမ်းဖက်အားပေးထောက်ခံသူတစ်ယောက်က ကုလသမဂ္ဂစင်မြင့်ထက်ကနေ ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ပုန်ကန်ပြီး နိုင်ငံတော်ကို သစ္စာဖောက်နေတဲ့လုပ်ရပ်ဟာ တရားဝင်သလိုလို အစဉ်အလာဖြစ်သွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာပိုင်အစိုးရအပေါ် သစ္စာဖောက်ဖျက်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကုလသမဂ္ဂစင်မြင့်ထက်ကနေ ဆန့်ကျင်လှုပ်ရှားခွင့် ပေးတဲ့လုပ်ရပ်ဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ပေးသကဲ့သို့ ဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် Credentials Committee အနေနဲ့ မြန်မာနိုင်ငံရဲ့ ကိုယ်စားပြုမှုဆုံးဖြတ်ရန် ဆက်လက် ဆိုင်းငံ့ထားခြင်းကို အဆုံးသတ်ပြီး Rule-29 အရ ဖယ်ရှားခြင်းမပြုသေးတဲ့ ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားပေးဖို့နဲ့ Rule-27 အရ ရွေးကောက်ခံ အစိုးရအဖွဲ့ရဲ့ အကြီးအကဲက အဆိုပြုသူကိုသာ ခန့်အပ်ပေးဖို့ တောင်းဆိုလိုပါတယ်။

တတိယအချက်ကတော့ တရားမဝင်အကြမ်းဖက်အဖွဲ့ကို ထောက်ခံအားပေးနေသူတစ်ဦးကို ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက်မထားသင့်တဲ့ အချက်ဖြစ်ပါတယ်။ ဒီအချက်ကတော့ ဝရမ်းပြေး ကျော်မိုးထွန်း ကိုယ်စားပြုရပ်တည်နေတဲ့ NUG အဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကအသိအမှတ်ပြု မပြုဆိုတာက အရေးကြီးတဲ့ ရှုမြင်ချက်ဖြစ်မယ်ထင်ပါတယ်။ ရှင်းလင်းစွာ သိစေလိုတာကတော့ NUG အဖွဲ့ကို ကုလသမဂ္ဂ အနေနဲ့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ နိုင်ငံတကာအကြမ်း ဖက် နှိမ်နင်းရေးအဖွဲ့အစည်းတွေက စောင့်ကြည့်ခံ နေရတဲ့ NUG အဖွဲ့ကို သံအမတ်ဟောင်း ကျော်မိုးထွန်း က ကုလသမဂ္ဂစင်မြင့်ထက်မှာ သံတမန်ကင်းလွတ် ခွင့် (Diplomatic Immunity) ရယူပြီး ပေါ်ပေါ် တင်တင် ထောက်ခံရပ်တည်ခွင့် မပေးသင့်ကြောင်း အထောက်အထားများဖြင့် တောင်းဆိုနေခြင်း ဖြစ်ပါတယ်။

Member State တစ်ခုက တည်ဆဲဥပဒေတွေ နဲ့အညီ တရားမဝင် အကြမ်းဖက်အဖွဲ့အဖြစ် နိုင်ငံတကာကို ထုတ်ပြန်ထားတဲ့ NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမား တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်တွေကို စောင့်ကြည့်မှတ်တမ်း တင်နေတဲ့ Global Terrorism Trends and Analysis Center ရဲ့ အကြမ်းဖက်မှုအညွှန်းကိန်း အစီရင်ခံစာ များမှာ အဲဒီ NUG အဖွဲ့နဲ့ PDF အဖွဲ့တွေရဲ့ အကြမ်းဖက် မှတ်တမ်းတွေကို မြင်တွေ့ရမှာဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေးကဏ္ဍာတွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်

ကုလသမဂ္ဂအနေနဲ့ NUG အကြမ်းဖက်အဖွဲ့ကို တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုမထားသလို Terrorist Organization အဖြစ်လည်း မသတ်မှတ် ထားပေမယ့် NUG အဖွဲ့နဲ့ သူ့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားတွေက သူတို့ကိုမထောက်ခံတဲ့ အပြစ်မဲ့ပြည်သူတွေကို ငါနဲ့မတူ ငါ့ရန်သူ အယူအဆဖြင့် ဒဏ်အမည်တပ်ပြီး ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုတွေ၊ တော်လှန်ရေးအမည်ခံပြီး စစ်ဘက်ပစ်မှတ်မဟုတ်တဲ့ နိုင်ငံတော်ရဲ့အခြေခံ အဆောက်အအုံ၊ လမ်းတံတားဖျက်ဆီးမှုတွေနဲ့ NUG အဖွဲ့ရဲ့ အဓိကဦးတည်ချက်ဖြစ်တဲ့ ပြည်တွင်း တည်ငြိမ်မှု ပျက်ပြားစေရေးအတွက် ချမှတ်ထားတဲ့ အလုံးစုံပျက်သုဉ်းရေးမူဝါဒ (Utter Devastation Policy) အရ ပညာရေး၊ ကျန်းမာရေးကဏ္ဍာတွေကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား အကြမ်းဖက် တိုက်ခိုက်မှုတွေကို ကုလသမဂ္ဂအပါအဝင် Credentials အဖွဲ့ဝင်နိုင်ငံတွေ သိရှိဖြင်စွဲကြပြီး ဖြစ်ပါတယ်။

ဒါကြောင့် ကုလသမဂ္ဂမှာ မြန်မာနိုင်ငံ (State) နဲ့ မြန်မာအစိုးရ (Government) ကို ကိုယ်စားပြုခွင့် မရှိတဲ့ ဝရမ်းပြေး သံအမတ်ဟောင်းတစ်ယောက်က လက်သုံးချောင်းထောင်ပြီး နိုင်ငံတကာ အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့တွေက စောင့်ကြည့်ခံနေရတဲ့ NUG အကြမ်းဖက်အဖွဲ့ကို ပြောင်ပြောင်တင်းတင်း ထောက်ခံ ရပ်တည်လှုပ်ရှားခွင့်ပြုနေခြင်းကို Credentials Committee အနေနဲ့ ပြန်လည် စဉ်းစားသုံးသပ်သင့်တဲ့ ကိစ္စရပ်ဖြစ်ပါတယ်။

ရိုးသားစွာ အသိပေးလိုတဲ့အချက်ကတော့ ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားခြင်းမပြုတဲ့ အခြေအနေဟာ ကုလသမဂ္ဂသံအမတ်အရေခြုံပြီး အကြမ်းဖက်အားပေးထောက်ခံသူတစ်ယောက်က ကုလသမဂ္ဂစင်မြင့်ထက်ကနေ ပြည်သူလူထု ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရကို ပုန်ကန်ပြီး နိုင်ငံတော်ကို သစ္စာဖောက်နေတဲ့လုပ်ရပ်ဟာ တရားဝင်သလိုလို အစဉ်အလာဖြစ်သွားနိုင်ပါတယ်။ တစ်နည်းအားဖြင့် အချုပ်အခြာအာဏာပိုင်အစိုးရ အပေါ် သစ္စာဖောက်ဖျက်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကုလသမဂ္ဂစင်မြင့်ထက်ကနေ ဆန့်ကျင်လှုပ်ရှားခွင့် ပေးတဲ့လုပ်ရပ်ဟာ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အဖြစ် သတ်မှတ်ပေးသကဲ့သို့ ဖြစ်စေနိုင်ပါတယ်။

Credentials Committee မှာ နှစ်စဉ် ကုလသမဂ္ဂ ဆိုင်ရာ သံအမတ်ကြီးများ ရွေးချယ်ခန့်အပ်ရန် စိစစ်မှုလုပ်ငန်းစဉ်တွေမှာ ဝရမ်းပြေး ကျော်မိုးထွန်း လို အငြင်းပွားဖွယ်ရာ Credentials Issue ရှိလာ နိုင်ပါတယ်။ ကုလသမဂ္ဂအနေနဲ့ အငြင်းပွားဖွယ်ကိစ္စ ရပ်တိုင်းမှာ ရှေ့အစဉ်အလာကို နောက်ကပြန်ပြီး လုပ်လေ့ရှိကြပါတယ်။ ဒါကြောင့် ယခုဝရမ်းပြေး ကျော်မိုးထွန်းလို အကြမ်းဖက်အားပေး သစ္စာဖောက် တစ်ယောက်က သံတမန်အရေခြုံပြီး ငွေကြေး ရှုပ်ထွေးမှုအပါအဝင် ရာဇဝတ်မှုကျူးလွန်သူတစ်ဦး ကို ဥပဒေစည်းမျဉ်းတွေနဲ့မညီဘဲ ကုလသမဂ္ဂမှာ ဆက်လက်ထားရှိဖို့ နိုင်ငံရေးအရ ဘက်လိုက် ဆုံးဖြတ်ခဲ့ရင် နောင်မှာလည်း အလားတူဖြစ်စဉ်တွေ ရှိလာနိုင်လို့ ကုလသမဂ္ဂရဲ့ ဂုဏ်သိက္ခာ၊ ယုံကြည် စိတ်ချမှုနဲ့ ဖြောင့်မတ်တည်ကြည်မှုတွေကို များစွာ ထိခိုက်နိုင်ကြောင်း သတိပြုစေချင်ပါတယ်။

ဝရမ်းပြေး ကျော်မိုးထွန်းအနေနဲ့ ကုလသမဂ္ဂ သံတမန်ကင်းလွတ်ခွင့်ကို အသုံးချပြီး နိုင်ငံတော် အစိုးရက တည်ဆဲဥပဒေနဲ့အညီ အကြမ်းဖက်အဖွဲ့ အစည်းသတ်မှတ်ထားတဲ့ NUG၊ PDF အဖွဲ့တွေကို ပြောင်ပြောင်တင်းတင်း ထောက်ခံအားပေးမှုပြုလုပ် နေတာ မဖြစ်သင့်ဘူးလို့ မြန်မာပြည်သူတွေက ထင်မြင်ယူဆနေကြပါတယ်။

မြန်မာပြည်သူတွေရဲ့ တောင်းဆိုချက်ဟာ ဝရမ်းပြေး ကျော်မိုးထွန်းကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်ပြီး ကုလသမဂ္ဂအနေနဲ့ အလိုအလျောက်ဖယ်ရှား ပေးဖို့ တောင်းဆိုနေခြင်းမဟုတ်ဘဲ UN Credentials Committee ရဲ့ ဆိုင်းငံ့ (Deferral) ထားခြင်းကို ယခုနှစ်မှာ ပြန်လည်စိစစ်သုံးသပ်ပြီး လက်ရှိပကတိ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအရ နိုင်ငံ့အုပ်ချုပ်ရေး ယန္တရားကို လည်ပတ်နေတဲ့ ရွေးကောက်ခံအစိုးရက အဆိုပြုထားတဲ့ နိုင်ငံကိုယ်စားပြုသံအမတ်ကြီးကို တရားဝင် ခန့်အပ်ခွင့်ပြုဖို့ Credentials Committee မှာ ပါဝင်လာမယ့်နိုင်ငံတွေကို ကုလသမဂ္ဂလုပ်ထုံး လုပ်နည်းတွေနဲ့အညီ လုပ်ဆောင်ပေးဖို့ အရေးပေါ် တောင်းဆိုခြင်းသာဖြစ်ပါတယ်။

ဒါကြောင့် ဝရမ်းပြေးကျော်မိုးထွန်းရဲ့ သရုပ်မှန်ကို ထည့်သွင်းစဉ်းစားပြီး မကြာမီကာလအတွင်း ကျင်းပပြုလုပ်တော့မယ့် (၈၁)ကြိမ်မြောက် Credentials Committee အစည်းအဝေးမှာ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖြစ် ဝရမ်းပြေး ကျော်မိုးထွန်းကို ဖယ်ရှားပေးနိုင်ပါရန် တောင်းဆိုလိုက်ရပါတယ်။ ။

ဟင်္သာတခရိုင်အတွင်း ရေလွှမ်းမိုးခံရသော ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး



ဟင်္သာတ စက်တင်ဘာ ၁၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်းသည် ယမန်နေ့နံနက်ပိုင်းက ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနက ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဝန်ဖြစ်ရေလွှမ်းခံရသည့် ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ၂၀၂၇-၂၀၂၈ ခုနှစ်တွင် ဆောင်ရွက်ရန် လျာထားသည့်လုပ်ငန်း အခြေအနေများကို တင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၁၆ ရက်တွင် မင်္ဂလာဒုံခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဇော်မျိုးမင်းနှင့် တပ်ဖွဲ့ဝင်များ၊ ရွှေပြည်သာဖြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၆၅) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူးဇော်ဇော်မိုးနှင့် တပ်ဖွဲ့ဝင်များက ရွှေပြည်သာဖြို့နယ် (၂၅)ရပ်ကွက် သာခုကန်ပရိယတ္တိစာသင်တိုက်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ နေမျိုးထွန်း(ပြန်/ဆက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာ့ရိုးရာအနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပြောကြား

နေပြည်တော် စက်တင်ဘာ ၁၇

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲတစ်ခုအဖြစ်သာမက မြန်မာ့ရိုးရာ အနုပညာအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင်သည့် အမျိုးသားရေးလုပ်ငန်းတစ်ရပ်အဖြစ် ခံယူဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့ ပြောကြားသည်။



ယနေ့နံနက် ၉ နာရီတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရုတဝန်းခန်းမ၌ ကျင်းပသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းထိန်းသိမ်းပေးနိုင်ရေး၊ အမျိုးသားယဉ်ကျေးမှု စိတ်ဓာတ်ကို မြှင့်တင်ပေးနိုင်ရေးနှင့် မြန်မာ့ရိုးရာအနုပညာများ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသည့် အမျိုးသားရေးဆိုင်ရာ ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားမှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

မကွေးမြို့၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၁၇

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

ဆုချီးမြှင့်ပွဲတွင် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ အနောက်ပိုင်းလေတပ်ကွပ်ကဲမှု ဌာနချုပ်မှူး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲအမျိုးအစား အလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆွေမျာ၊ ပြိုင်ပွဲတွင် အနီးကပ်ကြီးကြပ်ပေးခဲ့ကြသည့် နည်းပြနှင့် ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် ဆုရရှိသူများ၏ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ကန်ကြီးထောင့်မြို့နယ်၌ သမဝါယမအသင်း အမှုဆောင်သစ် ရွေးချယ်

ကန်ကြီးထောင့် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းစု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရှေ့ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေဇင်ဝိုင်တို့က အမှာစကားများ ပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင်များက အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်း၍ အသင်းဝင်ကိုယ်စားလှယ်များ၏ အတည်ပြုချက်ကို ရယူခဲ့ပြီး အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ခန္ဓီးမြို့၌ စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်း ပြုလုပ်

ခန္ဓီး စက်တင်ဘာ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ "စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို အထက(ခွဲ) နားမေတ္တာကျောင်း၌ ယမန်နေ့က ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက "လူငယ်နှင့် ရည်မှန်းချက်"၊ "လူငယ်နှင့် နည်းပညာ"၊ "လူငယ်နှင့်စာပေ"၊ "လူငယ်နှင့်ကိုယ်ကျင့်တရား" ခေါင်းစဉ်တို့ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါင်မြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ပေါင် စက်တင်ဘာ ၁၇

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျွဲခြံကျေးရွာ မွန်ရွှေကျောင်းမွေ့ခရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးတို့က အမှာစကားများပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ပြည်သူ့စကားဝိုင်း ပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ဌာနအလိုက်ဆောင်ရွက်နေသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိလိုသည်များကိုမေးမြန်းခဲ့ကြောင်း သိရသည်။

မွန်မဂလေး(ပြန်/ဆက်)





ပခုက္ကူမြို့နယ်၌ အရန်သားဖွားဆရာမ(သစ်လွင်)သင်တန်းဖွင့်

ပခုက္ကူ စက်တင်ဘာ ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် အရန်သားဖွားဆရာမ(သစ်လွင်)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပခုက္ကူမြို့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပခုက္ကူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အရန်သားဖွားဆရာမ(သစ်လွင်) ၁၀ ဦးတက်ရောက်ပြီး သင်တန်းကာလ ခြောက်လကြာ စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် စက်တင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shanghai Cooperation Organization Development Bank–SCOB) တည်ထောင်မှုဆိုင်ရာ ဒုတိယဝန်ကြီးအဆင့် ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့်အဖွဲ့ ပါဝင်တက်ရောက်သည်။



အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Min Liao နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံ သံရုံး၏ စီးပွားရေးဝန်ကြီး Mr. Aslam Chaudhary တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ကြားဖြတ် အတွင်းရေးမှူးရုံးက ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဘဏ်တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ(မူကြမ်း)၊ ရှယ်ယာခွဲဝေမှု၊ မဲပေးပိုင်ခွင့်နှင့် ဆုံးဖြတ်ချက်ချမှတ်ရမည့်ပုံစံ၊ ဘဏ်သို့ ရင်းနှီးငွေထည့်ဝင်မှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုပုံစံ၊ သက်သာသောချေးငွေပုံစံမှု (Concessional Window)နှင့် ရှေ့ဆက်လက်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်တို့ကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Jingdong Hua က အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးဘဏ်များ၏ ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်မှုပုံစံများကိုလည်းကောင်း၊ Industrial and Commercial Bank of China (ICBC) က ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် လက်တွေ့ဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြကြောင်း သိရသည်။ သတင်းစဉ်

မဲခေါင်-လန်ချန်း သတင်းတု၊ သတင်းမှားကင်းစင်ရေး Content ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဆုရရှိ

ဖနောင်ပင် စက်တင်ဘာ ၁၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုရန်ပုံငွေဖြင့် ကျင်းပသည့် မဲခေါင်-လန်ချန်းဒေသတွင်း သတင်းတု၊သတင်းမှားကင်းစင်ရေးလှုပ်ရှားမှုဖိုရမ်နှင့် အကြောင်းအရာဖန်တီးမှု(Content)ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပရာ မြန်မာနိုင်ငံမှ ဆုတစ်ဆုဆွတ်ခူးရရှိသည်။

မဲခေါင်-လန်ချန်းဒေသတွင်း သတင်းတု၊ သတင်းမှားကင်းစင်ရေးလှုပ်ရှားမှု၏ အဓိကအစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် ၂၀၂၆ ခုနှစ် သတင်းတု၊ သတင်းမှားကင်းစင်ရေးလှုပ်ရှားမှုဖိုရမ်နှင့် အကြောင်းအရာဖန်တီးမှုပြိုင်ပွဲ (Zero Fake News Forum and Awards Contents 2026) တွင် မဲခေါင်-လန်ချန်းဒေသတွင်း ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲတွင် Best Journalism Award for Fighting Fake News၊ Best Fact-Checking and Verification Content Award၊ Best Creative Content Award၊ Best Public Impact Award နှင့် Responsible Media Practice Award စသည့် ဆုအမျိုးအစားများအတွက် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြုအဖြစ်ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇင်ဦးက “Impact of Online Crimes, Fake News and Misinformation on the Socio-economic Lives of Mekong-Lancang Regional Countries” ခေါင်းစဉ်ဖြင့် ရေးသားတင်သွင်းခဲ့သည့် ဆောင်းပါးဖြင့် Best Public Impact Award ကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ မဲခေါင်-လန်ချန်းဒေသတွင်း ခြောက်နိုင်ငံမှ ပြိုင်ပွဲဝင် ၂၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

သီဟစည်သူ



တရုတ်-အာဆီယံ နည်းပညာဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဗဟိုရမ်သို့ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



နေပြည်တော် စက်တင်ဘာ ၁၇

တရုတ်နိုင်ငံ နန်နင်းမြို့၌ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပသည့် (၁၄) ကြိမ်မြောက် တရုတ်-အာဆီယံ နည်းပညာ လွှဲပြောင်းရေးနှင့် ပူးပေါင်းဆန်းသစ်တီထွင်မှု ဖိုရမ်နှင့် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဆိုင်ရာအခမ်းအနားကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

စက်တင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည့် တရုတ်-အာဆီယံ နည်းပညာ လွှဲပြောင်းရေးနှင့် ပူးပေါင်းဆန်းသစ်တီထွင်မှုဖိုရမ်တွင် ဒုတိယဝန်ကြီးက AI Innovation Cooperation နှင့် စပ်လျဉ်း၍လည်းကောင်း၊ AI နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တရုတ် – အာဆီယံနိုင်ငံများအကြား AI နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း မျှဝေဆွေးနွေးပြီး တရုတ်-အာဆီယံ ဆန်းသစ်တီထွင်မှုနှင့် စွန့်ဦးတီထွင်မှုဆုချီးမြှင့်ပွဲ တက်ရောက်ကာ ဆုများပေးအပ်သည်။

ထို့ပြင် ဖိုရမ်နှင့် ဆက်စပ်အခမ်းအနားများတွင် ပါဝင်ပြီး တရုတ်-အာဆီယံဒေသအတွင်း သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နည်းပညာလွှဲပြောင်းမှုများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် နည်းပညာများကို စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် ထိရောက်စွာအသုံးချနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဖိုရမ်အတွင်း Wuxiang Cloud Valley Co., Ltd. နှင့် Guangxi Institute of Artificial Intelligence တို့ကို သွားရောက်ပြီး Artificial Intelligence နှင့် ဆက်စပ် ခေတ်မီနည်းပညာများ၊ သုတေသန နှင့် လက်တွေ့အသုံးချမှု ဆိုင်ရာလုပ်ငန်းများကို လေ့လာခဲ့သည်။

စက်တင်ဘာ ၁၇ ရက်တွင် ဒုတိယဝန်ကြီးသည် (၂၃) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲတက်ရောက်ပြီး အဆိုပါကုန်စည်ပြပွဲအတွင်း ပြသထားသည့် အဆင့်မြင့်နည်းပညာ ဆိုင်ရာပြခန်းများကို လေ့လာကြည့်ရှုကာ နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအခြေပြု ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ၊ နည်းပညာ လွှဲပြောင်းမှုများနှင့် နည်းပညာအသုံးချမှုများ ပိုမိုမြှင့်တင်နိုင်ခြင်း၊ Artificial Intelligence အပါအဝင် ခေတ်မီနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အတွေ့အကြုံနှင့် အသိပညာများ အပြန်အလှန် ဖလှယ်ခြင်းတို့ ဆောင်ရွက်နိုင်ပြီး ဒေသတွင်း နည်းပညာဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် စီးပွားရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်သည့် အခွင့်အလမ်းများ ရရှိခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မကွေးမြို့၌ တရုတ်နိုင်ငံသို့ တင်ပို့မည့် လယ်ယာထွက်ကုန်နှင့် စားသောက်ကုန်များ GACC မှတ်ပုံတင်လျှောက်ထားနိုင်ရေး ရှင်းလင်းပွဲကျင်းပ

မကွေး စက်တင်ဘာ ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာထွက်ကုန်များ စနစ်တကျ တရားဝင်တင်ပို့နိုင်ရေးနှင့် GACC (General Administration of Customs of the People’s Republic of China) မှတ်ပုံတင်လျှောက်ထားနိုင်ရေး အသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက တရုတ်နိုင်ငံ၏ စည်းမျဉ်းဥပဒေများအရ ပြည်ပမှ စားသောက်ကုန်၊ လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တင်သွင်းရာတွင် GACC မှတ်ပုံတင်နံပါတ် သို့မဟုတ် ခွင့်ပြုချက်ပါရှိရန် မဖြစ်မနေလိုအပ်သည့်အခြေအနေများ၊ တရုတ်ဈေးကွက်သို့ တရားဝင် ဈေးကွက်ဝင်ရောက်နိုင်ရေး (Market Access) ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မကွေးမြို့နယ် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ဒေသတွင်းကုန်ထုတ်လုပ်ငန်းရှင်များနှင့် ကုန်သည်များအနေဖြင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မောင်နိုင်မင်း(ပြန်/ဆက်)



ကျန်းမာသော လူနေမှုဘဝပုံစံများ ပြောင်းလဲကျင့်သုံးခြင်းဖြင့် မကူးစက်နိုင်သောရောဂါများကို ကာကွယ်ထိန်းချုပ်ကြပါစို့ ...

အောင်မင်း (ကျန်းမာပညာ)





ကျန်းမာရေးဝန်ကြီးဌာနက လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် ရောဂါဘယကင်းဝေးရေးအတွက် အစဉ်အဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယခုအခါ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးကို ဦးစားပေးဆောင်ရွက်ရမည့်အခြေအနေ အချိန်အခါ ရောက်ရှိနေပြီဖြစ်ပါသည်။

ယခင်က ကူးစက်ရောဂါများ၏ဒဏ်ကိုသာ ခံစားခဲ့ရသော ကျွန်တော်တို့နိုင်ငံသည် မိမိတို့၏ မှားယွင်းစွာကျင့်သုံးနေထိုင်ခဲ့သော လူနေမှုပုံစံများကြောင့် မကူးစက်နိုင်သောရောဂါများ၏ ဝန်ထုပ်ဝန်ပိုး ကိုလည်း တစ်နေ့တခြား ပို၍ပို၍ ခံစားလာနေရပါသည်။

မကူးစက်နိုင်သောရောဂါများဆိုသည်မှာ လူတစ်ဦးမှတစ်ဦးသို့ ရောဂါကူးစက်ခြင်းမှမဟုတ်ဘဲ ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအစာများစားသောက်ခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သည့် လူနေမှုဘဝနေထိုင်မှုပုံစံများတွင် ကြာရှည်စွာစားသောက်နေထိုင်၊ ထိတွေ့နေရခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါအစုအဝေး (သို့မဟုတ်) ကျန်းမာရေးပြဿနာများကို ခေါ်ဆိုခြင်းဖြစ်သည်။

ကျွန်တော်တို့ပြည်သူအားလုံးအနေဖြင့် မကူးစက်နိုင်သော ရောဂါများ၏အန္တရာယ်ကို သိရှိနားလည်စေရန်၊ မကူးစက်နိုင်သော ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည့်နည်းလမ်းများကို သိရှိလိုက်နာကျင့်သုံးနိုင်စေရန်၊ မကူးစက်နိုင်သောရောဂါများသည် လူမှုစီးပွားတိုးတက်မှုအတွက် အဟန့်အတားဖြစ်ကြောင်း သတိပြုသိရှိစေရန်၊ မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးတွင် နီးနွယ်ဌာနများက ပူးပေါင်းဆောင်ရွက်နိုင်စေရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်နိုင်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

အဓိက မကူးစက်နိုင်သောရောဂါများမှာ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါအမျိုးမျိုး၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုးရောဂါနှင့် နှလုံးသွေးကြောကျဉ်းရောဂါတို့ဖြစ်ပြီး အခြားမကူးစက်နိုင်သောရောဂါများ၊ ကျန်းမာရေး ပြဿနာများမှာ အတက်ရောဂါ၊ နားလေးရောဂါ၊ စိတ်ကျန်းမာရေးဆိုင်ရာ ရောဂါများ၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်အန္တရာယ်၊ ဆေးလိပ် ဆေးရွက်ကြီးအန္တရာယ်၊ အရက်စွဲအန္တရာယ်နှင့် မူးယစ်ဆေးဝါး အန္တရာယ်များဖြစ်ပါသည်။

မကူးစက်နိုင်သောရောဂါများသည် နာတာရှည်ရောဂါအမျိုးအစားဖြစ်ခြင်း၊ စနစ်တကျ ကုသထိန်းချုပ်နိုင်ခြင်းမရှိပါက ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် မသန်စွမ်းဖြစ်ခြင်းနှင့် အရွယ်မတိုင်မီ သေဆုံးရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သော ရောဂါများဖြစ်ခြင်း၊ ရောဂါ၏ နောက်ဆက်တွဲဝေဒနာများကြောင့် အလုပ်လုပ်နိုင်စွမ်းကျဆင်းလာခြင်း၊ ဆေးကုသမှုကုန်ကျစရိတ်များကြောင့် မိသားစုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်ပေါ်စေခြင်း စသော နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်၊ မြို့ပြများဖြစ်ထွန်းလာမှု၊ သက်ကြီးဦးရေတိုးပွားလာခြင်းကဲ့သို့ နောက်ခံအကြောင်းရင်းများ၊ ဆေးလိပ် ဆေးရွက်ကြီးသုံးစွဲခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော အစားအသောက်များ စားသုံးခြင်းကဲ့သို့သော အပြုအမူဆိုင်ရာအန္တရာယ်ရှိသောအချက်များ၊ သွေးဖိအားများခြင်း၊ ကိုယ်အလေးချိန်များခြင်း၊ အဝလွန်ကဲခြင်း၊ သွေးတွင်းအချို၀ဓာတ်များခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်းကဲ့သို့ ဇီဝကမ္မဆိုင်ရာ အန္တရာယ်ရှိသောအချက်များက မကူးစက်နိုင်သောရောဂါများကို ဖိတ်ခေါ်နေပါသည်။

မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်သင့်သည့်လုပ်ငန်းများမှာ-

- မကူးစက်နိုင်သောရောဂါများ၏အန္တရာယ်ကို လူတိုင်းလူတိုင်း သိရှိနားလည်ပြီး ကာကွယ်နိုင်မည့်နည်းလမ်းများကို သိရှိကာ လက်တွေ့လိုက်နာကျင့်သုံးလာစေခြင်း၊
- မကူးစက်နိုင်သောရောဂါများ၏အန္တရာယ်ကို မိသားစုအဆင့်၊ ပြည်သူလူထုအဆင့်မှ သိရှိနားလည်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများ လက်တွေ့လိုက်နာကျင့်သုံးစေခြင်း၊
- မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဦးစားပေးသတ်မှတ်ဆောင်ရွက်ခြင်း၊
- မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးတွင် နီးနွယ်ဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခြင်းနှင့် နိုင်ငံတော်အစိုးရက လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခြင်းတို့ဖြစ်ပါသည်။

မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် တစ်ဦးတစ်ယောက်ချင်း၏ တာဝန်များမှာ-

(၁) ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးခြင်း

- ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများကို ရှောင်ကြဉ်ခြင်း/ မရှောင်နိုင်ပါက လျှော့စားခြင်း၊
- ချိုလွန်းသည့်အစားအစာများမှာ- အချိုရည်ဘူးများ၊ သကြားနှင့် ရွှံ့ဆီပါသော အစားအစာများ၊ ထန်းလျက်၊ မလိုင်၊ ကြဲသကာ စသည့်အစားအစာများ၊
- ငန်လွန်းသည့်အစားအစာများမှာ – ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ပုစွန်ခြောက် စသည့်အစားအစာများနှင့် ဟင်းချိုမှုန့်၊
- တိရစ္ဆာန်မှရသောဆီများ (အဓိကဆီ၊ ဝက်ဆီ)။ စားအုန်းဆီနှင့် ပြန်ကြော်ဆီများစားသုံးခြင်းကို လျှော့ပါ၊ ဖြစ်နိုင်ပါက လုံးဝ ရှောင်ကြဉ်ပါ။

(၂) ကိုယ်ကာယလှုပ်ရှားမှုလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ပါ။

- တစ်နေ့လျှင် အနည်းဆုံး မိနစ် ၃၀၊ တစ်ပတ်လျှင် ငါးရက်ခန့် လုံလောက်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။ (လမ်းလျှောက်ခြင်း၊ ရေကူးခြင်း၊ အလေးမခြင်း၊ စက်ဘီးစီးခြင်း စသည့် မိမိလုပ်နိုင်သည့်လေ့ကျင့်ခန်းကို လုပ်နိုင်ပါသည်။)
- သွက်လက်တက်ကြွစွာနေထိုင်ပါ။
- အထိုင်များခြင်း၊ လှုပ်ရှားမှုနည်းခြင်းကို ရှောင်ကြဉ်ပါ။
- တီဗွီ၊ တီဗွီဂိမ်းရှေ့တွင် ကြာရှည်စွာထိုင်ခြင်းနှင့် အင်တာနက် ကြာရှည်စွာ အသုံးပြုခြင်းများရှောင်ကြဉ်ပါ။

(၃) ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကို ရှောင်ကြဉ်ပါ။

- ဆေးလိပ်မသောက်ခြင်းသည် နှလုံးသွေးကြောရောဂါကို ထက်ဝက်လျှော့ချနိုင်ပါသည်။
- လူအများစုဝေးရာနေရာများ (စာသင်ကျောင်း၊ ဆေးရုံ၊ လုပ်ငန်းခွင်)တွင် ဆေးလိပ်သောက်သုံးခြင်းကို လုံးဝ ရှောင်ကြဉ်ပါ။
- တစ်ဆင့်ခံ ဆေးလိပ်ငွေ့သည် ဆေးလိပ်သောက်ခြင်းကဲ့သို့ပင် ကျန်းမာရေးဆိုးကျိုးများပေးပါသည်။ မိမိဆေးလိပ်ငွေ့ကြောင့် သူတစ်ပါး၏ ကျန်းမာရေးထိခိုက်စေသည်ကို သတိပြုရှောင်ကြဉ်ပါ။
- ကွမ်းယာစားခြင်း (ဆေးရွက်ကြီးနှင့် နှပ်ဆေးအမျိုးမျိုး ပါဝင်သောကွမ်းစားခြင်း)ကို ရှောင်ကြဉ်ပါ။

(၄) အရက်အလွန်အကျွံသောက်သုံးမှုကို ရှောင်ကြဉ်ပါ။

- အရက်အလွန်အကျွံသောက်ခြင်းသည် သွေးပေါင်ချိန်တက်စေပြီး နှလုံးရောဂါနှင့် ဦးနှောက်လေဖြတ်ခြင်းကို ဖြစ်စေနိုင်သည်။ ကိုယ်အလေးချိန်ကိုလည်း တိုးစေနိုင်ပါသည်။
- အသက် ၂၀ မှ ၂၉ နှစ်အတွင်း သေဆုံးခြင်းများတွင် လေးပုံတစ်ပုံခန့်မှာ အရက်နှင့်ဆက်နွယ်လျက်ရှိသည်။
- အရက်သောက်သုံးခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာရောဂါမျိုးစုံ၊ စိတ်ဖောက်ပြန်ခြင်းနှင့် မိမိကိုယ်ကို သတ်သေခြင်းများ ဖြစ်ပေါ်နိုင်သည်။
- အရက်သေစာသောက်သုံးမှုနှုန်း အကန့်အသတ်ထားရှိပါ။
- အရက်မသောက်တတ်သောသူကို အရက်သောက်ရန် တိုက်တွန်းခြင်းမှ ရှောင်ကြဉ်ပါ။

(၅) ကိုယ်ခန္ဓာရှိသင့်သည်ထက် ပိုဝမလာအောင် ထိန်းသိမ်းပါ။

- လူတစ်ဦးညှိရှိသင့်သော ကိုယ်အလေးချိန်ကို ထိန်းသိမ်းနိုင်ရန်နှင့် ကိုယ်အလေးချိန်များလာလျှင် လျှော့ချရန်ကြိုးစားရမည်။

စာမျက်နှာ ၁၁ သို့ ❐

❝ မကူးစက်နိုင်သောရောဂါများသည် နာတာရှည်ရောဂါအမျိုးအစားဖြစ်ခြင်း၊ စနစ်တကျ ကုသထိန်းချုပ်နိုင်ခြင်းမရှိပါက ရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် မသန်စွမ်းဖြစ်ခြင်းနှင့် အရွယ်မတိုင်မီ သေဆုံးရခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သော ရောဂါများဖြစ်ခြင်း၊ ရောဂါ၏နောက်ဆက်တွဲဝေဒနာများကြောင့် အလုပ်လုပ်နိုင်စွမ်းကျဆင်းလာခြင်း၊ ဆေးကုသမှုကုန်ကျစရိတ်များကြောင့် မိသားစုအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတားဖြစ်ပေါ်စေခြင်း စသော နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရမည် ❞

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲ လေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ယင်းနောက် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပေဟေဠိပြိုင်ပွဲ ကျင်းပကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ကြသည်။

သတင်းစဉ်



မွန်ပြည်နယ် သထုံမြို့နယ်သမဝါယမအသင်းစု အမှုဆောင်သစ်ရွေးချယ်ပွဲ ကျင်းပ

သထုံ စက်တင်ဘာ ၁၇

မွန်ပြည်နယ် သထုံမြို့နယ်သမဝါယမအသင်းစု၏ အမှုဆောင်သစ်ရွေးချယ်ပွဲကို စက်တင်ဘာ ၁၆ ရက်က အဆိုပါအသင်းစုရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဇော်လွင်က အသင်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြီး အသင်းအမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်နယ်သမဝါယမမဲ့ဒီးဗီးဌာန ဒုတိယဥက္ကဋ္ဌကြားရေးမှူးက သဘာဝတိအဖြစ် ဆောင်ရွက်ပြီး အမှုဆောင်သစ် ပြန်လည်ရွေးချယ်ခြင်း၊ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်းရှိ ရေတိုင်ငုတ်များ ကောင်းမွန်ခြင်း ရှိ/မရှိစစ်ဆေး



ရန်ကုန် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်အတွင်းရှိ လမ်းမကြီးဘေးတွင် အရေးပေါ်အသုံးပြုရန် တပ်ဆင်ထားသော ရေတိုင်ငုတ်များ ကောင်းမွန်ခြင်း ရှိ/မရှိကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်က စစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ရေတိုင်ငုတ်များ ကောင်းမွန်ခြင်း ရှိ/မရှိနှင့် ရေထွက်အားကောင်းမွန်ခြင်း ရှိ/မရှိတို့ကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင်ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင် ငါးဦးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ခံ ဒေါ်သက်မာလွင်နှင့် ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က စစ်ဆေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်တွင် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး အေးမြင့်နိုင် ဦးဆောင်မှုဖြင့် ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များက ကျောက်ဆည်မြို့ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။ သက်မောင်(ကျောက်ဆည်)

❐ စာမျက်နှာ ၁၀ မှ

(၆) ရေဆာလျှင် အချိုရည်အစား ရေကိုသာ သောက်သည့်အလေ့အကျင့်ကို လိုက်နာပါ။

(၇) စိတ်သောကများကို လျော့နိုင်သမျှလျော့အောင်ကြိုးစားနေထိုင်ပါ။

- အပြုသဘောဖြင့် အရာရာကို အကောင်းမြင်နိုင်အောင် ကြိုးစားပါ။
- အပြုံးဖြင့် လောကဓံကို ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားပါ။

မကူးစက်နိုင်သောရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် မိသားစုအဆင့်၊ ပြည်သူလူထုအဆင့်မှဆောင်ရွက်ရန် တာဝန်များမှာ-

(၁) တစ်ဦးတစ်ယောက်ချင်း၏တာဝန်များ လက်တွေ့လိုက်နာကျင့်သုံးခြင်း၊

(၂) ကျန်းမာသောလူနေမှုပုံစံများကို မိမိမိသားစုတွင် လက်တွေ့လိုက်နာကျင့်သုံးခြင်း၊

(က) မိမိနှင့် မိမိမိသားစုတွင် ကျန်းမာရေးအတွက် အန္တရာယ်ရှိသောအပြုအမူများ ရှိ/ မရှိ ဆန်းစစ်ပါ။ (ဥပမာ-အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သောအစာများစားခြင်း)

(ခ) မိမိနှင့် မိမိမိသားစုကိုယ်တိုင် ပြုပြင်လုပ်ဆောင်နိုင်မည့်နည်းလမ်းများ ရွေးချယ်ပါ။ (ဥပမာ - အချိန်မှန်မှန်အိပ်ခြင်း၊ ဖုန်းနှင့် Screen Time များ လျှော့ခြင်း၊ လေ့ကျင့်ခန်းလုပ်ခြင်း)

(ဂ) အာဟာရမျှတစွာစားသုံးပါ။ သန့်လေးသန့်နှင့်အညီ နေထိုင်ပါ။ (လက်သန့်၊ ရေသန့်၊ အစားအစာသန့်၊ အိမ်သာသန့်)

(ဃ) လိုအပ်ပါက ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်ပါ။ (ဥပမာ-ကိုယ်အလေးချိန်လျှော့ချရန် အာဟာရဆရာဝန်နှင့်တိုင်ပင်ခြင်း)

(င) ရည်မှန်းချက်ပန်းတိုင်ချမှတ်ပါ။ ပြီးလျှင်ဖြစ်အောင် ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ရပါမည်။ (ဥပမာ-တစ်လအတွင်း ဆေးလိပ်လုံးဝပြတ်ရမည်။ တစ်လအတွင်း ကိုယ်အလေးချိန် ငါးပေါင်ကျအောင် ကြိုးစားမည်)

- ကျန်းမာရေးကဏ္ဍမှ အရည်အသွေးမီ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ လက်လှမ်းမီရရှိစေခြင်း၊ ဆေးနှင့် ဆေးပစ္စည်းများမပြတ်လပ်စေရန် စီစဉ်ဆောင်ရွက်ထားခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း စနစ်နှင့် ကျန်းမာရေးသတင်းအချက်အလက်စနစ်များ ပိုမိုအားဖြည့်ဆောင်ရွက်ခြင်း၊ ပြောင်းလဲလာသောခေတ်နှင့် အညီ ရောဂါရှာဖွေခြင်း၊ ကုသခြင်းလုပ်ငန်းများ ပိုမိုတိုးချဲ့ပေးခြင်းတို့ ရေတိုအတွက်မဟုတ်ဘဲ ရေရှည်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊
- လိုအပ်သောမူဝါဒများ၊ ဥပဒေစည်းမျဉ်းများ ချမှတ်ပေးခြင်း၊ ကျန်းမာရေးလူဝင်စွမ်းအားအရင်းအမြစ်များဖြစ်သော ဆရာဝန်များ /သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်အပ်ပေးခြင်း၊ ကျန်းမာရေးအသုံးစရိတ်များ ပိုမိုလျာထား ပံ့ပိုးထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးသင့်ပါကြောင်း၊
- မကူးစက်နိုင်သောရောဂါများသည် လူမှုဘဝအခြေအနေဆိုင်ရာ အချက်အလက်များနှင့် ဆက်နွယ်လျက်ရှိသောကြောင့် ထိုရောဂါများ ကာကွယ်ထိန်းချုပ်ရေးအတွက် ကျန်းမာရေးဌာနအပြင် အခြားနိုးနွှဲယ်ကဏ္ဍများ၏ ပူးပေါင်းပါဝင်မှုနှင့် ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်မှုများသည် လွန်စွာအရေးကြီးပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



ကျမ်းကိုး

(၁) လူတိုင်းအိမ်တိုင်းဆောင်ထား ကျန်းမာရေးအသိပညာများ စာအုပ်(၂၀၂၄)

(၂) NCD National Strategic Plan(2023–2027)

ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်ခြောက်မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများကို တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)အကြား နေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာအိပ်ကျမှုဖြစ်ပွားသည်။

အလားတူ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ ရေတိုက်စားမှုကြောင့် တာမိုင် (၁၂/၂)နှင့် (၁၂/၃)အကြားရှိ စွန့်ပစ်တာ၌ ယနေ့နံနက် ပိုင်းတွင် အလျား ပေ ၁၆၀ ခန့် တာပြိုကျမှုထပ်မံဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဆောင်ရွက်လျက်ရှိ

အဆိုပါ တာကိုယ်ထည် တိုက်စားခံရမှုဖြစ်ပေါ်လျက်ရှိသည့် နေရာများ၌ ယာယီကာကွယ်နိုင်ရန် အတွက် ရေလမ်းသောင်တိုးလုပ်ငန်း ဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ စွန့်ပစ်တာ အလျား ပေ ၁၆၀ ခန့် ထပ်မံအိပ်ပြိုကျသည့်နေရာအား တာခြေထောက်ခြင်း၊ ပန်းတာတည်ဆောက်ခြင်းစသည့် မြစ်ကမ်းထိန်းလုပ်ငန်း ဆောင်ရွက်ခြင်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ် နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက် ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့ အပြင် ဟင်္သာတ၊ ရေကြည်၊ ငပိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ယနေ့အထိ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည် ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရား များအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန် ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီ ရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ် ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာ ရေး ဆေးရုံများတွင် အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင် ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက် တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ချမ်းအေးသာစံမြို့နယ် အထက-၁၄ ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး

ချမ်းအေးသာစံ စက်တင်ဘာ ၁၇

ချမ်းအေးသာစံမြို့နယ် မိုးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်ကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ မီးငြိမ်းသတ်ခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လက်တွေ့သရုပ်ပြခြင်းတို့ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက် တန်းကျောင်း၌ စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်သည်။

အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၃ ရက်မှစတင်ကာ သဘာဝဘေးအန္တရာယ် ဆိုင်ရာအရေးပေါ် အဆင်သင့်ဖြစ်မှုဖြင့်တင်ရေး မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်ပျက်ရှိရာ ဆရာ ဆရာမများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ အကြောင်းအရာများကို ဦးစီးအရာရှိ ဦးညီထွေးဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် သန္ဓေတပ်ဖွဲ့ဝင်များက ဦးဆောင်ကာ ဆရာ ဆရာမများနှင့်အတူ မီးငြိမ်းသတ်ခြင်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ချမ်းမြေမောင်



လေးမျက်နှာမြို့နယ်အတွင်း ထိခိုက်ပျက်စီးကေများ ပြန်လည်စိုက်ပျိုးနိုင်ရေး စာရင်းကောက်ယူ

ဟင်္သာတ စက်တင်ဘာ ၁၇

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဝန်မြစ်ရေဝင်ရောက်မှုကြောင့် ဟင်္သာတခရိုင်အတွင်းရှိ မိုးစပါး ရေကြီးနစ်မြုပ် ထိခိုက်ပျက်စီးဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေး မြေပြင်ကွင်းဆင်းအဖွဲ့များက စာရင်းကောက်ယူလျက်ရှိရာ စက်တင်ဘာ ၁၆ ရက်တွင် ဟင်္သာတမြို့နယ် လဟာပကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်သည်။

မြေပြင်ကွင်းဆင်းအဖွဲ့သည် ရေကြီးနစ်မြုပ်ထိခိုက်ပျက်စီး ဧကများ ပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ထိခိုက်ဧရိယာများတွင် အထွက်နှုန်းကျဆင်းမှုမရှိစေရေး တောင်သူအသိပညာပေး ဆွေးနွေးခြင်းကို လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဟင်္သာတခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြည်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ စိုက်ပျိုးပညာပေးရေးအဖွဲ့ (မြေ/မျိုး/ပိုး)တာဝန်ခံများလိုက်ပါ၍ မြေဆီလွှာဖွဲ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့် ပဲပုပ်စိုက်ပျိုးရေးအတွက် တောင်သူ ၁၉၉ ဦးနှင့် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး အောင်ကျော်ဦး ဦးစီးသောတပ်ဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့်အတူ ကျောက်တန်းမြို့ အခြေခံပညာအထက်တန်း ကျောင်း(၃)ရဲတပ်ရင်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

နိုးတူး(ကျောက်တန်း)



မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၁၇

ယနေ့နံနက် ၆ နာရီ၌ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၂၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံအပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေး အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်း ပုံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဧလ

ဩစတြေးလျနိုင်ငံက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများ တင်းကျပ်ရန် အစီအစဉ်များ ထုတ်ပြန်



ဆစ်ဒနီ စက်တင်ဘာ ၁၇

ဩစတြေးလျနိုင်ငံက လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒများကို တင်းကျပ်ရန် အစီအစဉ်များ ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်များတွင် နိုင်ငံခြားသား ကျောင်းသားများအနေဖြင့် မိသားစုဝင်များကို ခေါ်ဆောင်လာခွင့် ပိတ်ပင်ခြင်းလည်း ပါဝင်သည်။

ပြည်ထဲရေးဝန်ကြီး တိုနီဘာကီက ယခုပြောင်းလဲမှုများ ပြုလုပ်ရခြင်း၏ အကြောင်းရင်းတစ်ခုမှာ အိမ်ရာရှားပါးမှု ပြဿနာဖြစ်ခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိမ်ရာအသစ်များ တည်ဆောက်နိုင်မည့်နှုန်းထားနှင့် လက်ရှိလူဝင်မှုကြီးကြပ်ရေး အခြေအနေတို့ကို နှိုင်းယှဉ်သုံးသပ်ကြည့်သောအခါ လူဦးရေပမာဏကို လျှော့ချနိုင်မည့် နည်းလမ်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

နိုင်ငံခြားသား ကျောင်းသားများအပေါ် ချမှတ်ထားသော ကန့်သတ်ချက်အသစ်များတွင် Ph.D (ပါရဂူဘွဲ့) သင်တန်းတက်ရောက်နေသူများနှင့် အာဆီယံနှင့် ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ ကျောင်းသားများအတွက် ခြွင်းချက်အချို့ ပါဝင်မည်ဖြစ်သည်။

နိုင်ငံတကာ ကျောင်းသားများအနေဖြင့် ပိုမိုဖြင့်မားသော အဆင့်ရှိသည့် သင်တန်းများသို့ တက်ရောက်ခွင့်ရရှိမှသာ လျှင် ၎င်းတို့၏ ဗီဇာသက်တမ်းကို တိုးဖြင့် ခွင့်ပြုမည်ဖြစ်သည်။

အလုပ်လုပ်ကိုင်ခွင့် ပါဝင်သော အားလပ်ရက်ခရီးသွားဗီဇာများအတွက်မူ သက်တမ်းတိုးခွင့်ရရှိသူ အရေအတွက်ကို ကန့်သတ်နိုင်ရန် မဲနှိက်ရွေးချယ်သည့် စနစ်တစ်ခုကို စတင်အသုံးပြုသွားမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်သည် အဓိက နိုင်ငံရေးပြဿနာတစ်ခု ဖြစ်နေသည်။

မူဝါဒအသစ်များကြောင့် ၂၀၂၈ ခုနှစ် အရောက်တွင် နိုင်ငံရပ်ခြားမှ လာရောက်နေထိုင်သူအရေအတွက်ကို လူဦးရေ ၃၀၀၀၀၀ ခန့်မှ ၂၂၀၀၀၀ ခန့်အထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း ဩစတြေးလျအစိုးရက ပြောကြားခဲ့သည်။

ကိုးကား - အင်ဒန်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂါဇာဒေသအနောက်ပိုင်းရှိ လူနေအဆောက်အအုံပြိုကျမှုဖြစ်စဉ်အတွင်း သေဆုံးသူ ၂၁ ဦးရှိလာ



ဂါဇာ စက်တင်ဘာ ၁၇

ဂါဇာဒေသ အနောက်ပိုင်းရှိ လူနေ အဆောက်အအုံတစ်ခု ပြိုကျမှုဖြစ်စဉ်အတွင်း သေဆုံးသူ ၂၁ ဦး ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

သေဆုံးသူများတွင် ကလေး ၁၁ ဦး၊ အမျိုးသမီးခြောက် ဦး ပါဝင်ပြီး ၂၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ယခင်က အစ္စရေးတပ်ဖွဲ့များ၏ ဗုံးကြဲမှုကို ခံခဲ့ရသည့် အယ်ဆားဒါးအမည်ရှိ အဆိုပါ အဆောက်အအုံသည် စက်တင်ဘာ ၁၆ ရက် အစောပိုင်းက ပြိုကျခဲ့ခြင်းဖြစ်ကာ ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ ဌာနချုပ် အနီးတွင် တည်ရှိကြောင်း မြို့ပြကာကွယ်ရေးအဖွဲ့ ပြောရေးဆိုခွင့် ရှိသူ မိဟာမက်ဘာဆယ်က ပြောကြားသည်။ အဆိုပါအဆောက်အအုံတွင် ရွှေ့ပြောင်းအခြေချနေထိုင်သူ ၁၀၀ ခန့် နေထိုင်ကြောင်း ဒေသခံများက ပြောကြားသည်။ အချိန် ၁၆ နာရီကြာမြင့်သည့် ကယ်ဆယ်ရေးလုပ်ငန်းများအတွင်း ကယ်ဆယ်ရေးအဖွဲ့များက ၄၅ ဦးကို ကယ်ဆယ်နိုင်ခဲ့ကာ ရုပ်အလောင်း ၂၁ လောင်းအား ပြန်လည်ရရှိခဲ့ကြောင်းနှင့် ၃၅ ဦးမှာ ကိုယ်တိုင်ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း ဘာဆယ်က ပြောကြားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့် စက်ယန္တရားများနှင့် ကိရိယာများ ဂါဇာဒေသတွင်းသို့ သယ်ဆောင်ရေးတွင် အစ္စရေးတာဝန်ရှိသူများက ကန့်သတ်မှုများဆောင်ရွက်ခဲ့သဖြင့် ပါလက်စတိုင်းတာဝန်ရှိသူများက ပြစ်တင်ပြောကြားခဲ့သည်။

ပြောကြား

ဂါဇာဒေသတွင်းသို့စက်ယန္တရားများနှင့်ကယ်ဆယ်ရေးကိရိယာများရောက်ရှိရေးအခက်အခဲများကြုံတွေ့နေရသဖြင့် လက်ရှိအချိန်တွင် ပဋိပက္ခဖြစ်ပွားနေသည့် ဂါဇာဒေသရှိ အပျက်အစီးများကြားတွင် ပဋိပက္ခအတွင်းသေဆုံးခဲ့သည့် ဒေသခံ ၈၅၀၀ ကျော် ပျောက်ဆုံးနေကြောင်းနှင့် ဒေသတွင်းရှိ အဆောက်အအုံဟောင်း ထောင်ပေါင်း များစွာမှာလည်း ပြိုကျနိုင်သည့် အခြေအနေတွင် ရှိနေကြောင်း ဂါဇာဒေသမီဒီယာ ရုံးက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

အမေရိကန်တာဝန်ရှိသူများနှင့် ဟူသီအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး

ဝါရှင်တန် စက်တင်ဘာ ၁၇

အီရန်၏ထောက်ခံမှုရရှိထားသော ဟူသီအဖွဲ့နှင့် ဆော်ဒီအာရေဗျတို့အကြား တိုက်ခိုက်မှုများ အပြန်အလှန်ပြုလုပ်လျက်ရှိစဉ် အမေရိကန်အရာရှိများက ယီမင်နိုင်ငံမှ ဟူသီခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ပြီးခဲ့သည့် သီတင်းပတ်ကုန်ရက်များအတွင်း အိုမန်နိုင်ငံ၏ မြို့တော် မတ်စကတ်ရှိ အမေရိကန်သံရုံး၌ အမေရိကန်အရာရှိများနှင့် ဟူသီကိုယ်စားလှယ်များ တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဟူသီအဖွဲ့က ဆော်ဒီအာရေဗျ၏ ထောက်ခံမှုရရှိထားသော ယီမင်ကြားဖြတ်အစိုးရကို ဆန့်ကျင်သည့်ထိုးစစ်ဆင်မှုများကို တိုးဖြင့် လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့က ပင်လယ်နီရှိ အဓိကကျသော ရေကြောင်းသွားလာရေး လမ်းကြောင်းတစ်ခုဖြစ်သည့် Bab al-Mandeb ရေလက်ကြား ဝန်းကျင်ဒေသများအထိ ၎င်းတို့၏ ထိန်းချုပ်နယ်မြေများကို တိုးချဲ့ခဲ့ကြသည်။ ဆော်ဒီအာရေဗျပိုင် သင်္ဘောများမှလွဲ၍ အမေရိကန်သင်္ဘောများ၊ အစ္စရေးသင်္ဘောများ သို့မဟုတ် အခြားသော ကုန်သွယ်ရေးသင်္ဘောများကို တိုက်ခိုက်ရန်ရည်ရွယ်ချက်မရှိကြောင်း ဟူသီဘက်က အမေရိကန် အရာရှိများအား ပြောကြားခဲ့သည်ဟု သတင်းများက ဆိုသည်။ ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပနေစဉ်အတွင်း စက်တင်ဘာ ၂၂ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ပင်လယ်ကွေ့ဒေသနိုင်ငံများမှ ခေါင်းဆောင်များနှင့် ဆွေးနွေးမှုများ ပြုလုပ်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲများတွင် အီရန်နိုင်ငံအပေါ် စစ်ရေးအရ လုပ်ဆောင်မှုများ ပြီးဆုံးသွားပြီးနောက်ပိုင်းအတွက် အမေရိကန်၏ မဟာဗျူဟာဆိုင်ရာ အကြံပြုချက်များကို အဓိကထားဆွေးနွေးဖွယ်ရှိသည်။ အဆိုပါဆွေးနွေးမှုများက ဆော်ဒီအာရေဗျနှင့် ဟူသီတို့အကြား တိုက်ပွဲများကို ရပ်တန့်နိုင်မလားဆိုသည်ကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ မြောက်ကီဗူးဒေသတွင် အီဘိုလာရောဂါကူးစက်မှု လျင်မြန်စွာမြင့်တက်လျက်ရှိ

ကင်ရှာဆာ စက်တင်ဘာ ၁၇

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ အီဘိုလာရောဂါကူးစက်မှုသည် ရောဂါဗဟိုချက်ဖြစ်ခဲ့သည့် အီတူရီဒေသတွင် လျော့ကျလာသော်လည်း မြောက်ကီဗူးဒေသတွင်မူ လျင်မြန်စွာ မြင့်တက်လာကြောင်း သိရသည်။

ထို့ပြင် ရောဂါကူးသမ္မုစွမ်းရည်မှာလည်း ကန့်သတ်ချက်အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလုနီးပါး ဖြစ်နေပြီဖြစ်သည်။

စက်တင်ဘာ ၁၅ ရက်အထိ စာရင်းများအရ နိုင်ငံတွင်း၌ ရောဂါပိုးတွေ့ရှိသူ ၇၄၀၄ ဦးရှိပြီး သေဆုံးသူ ၃၅၇၇ ဦးရှိကာ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ စုစုပေါင်း ၄၈ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့သည်။ လူနာစုစုပေါင်း ၁၇၇၆ ဦးမှာ ရောဂါသက်သာပျောက်ကင်းခဲ့ပြီဖြစ်သည်။ ရောဂါဖြစ်ပွားမှုသည် ပြည်နယ် ခုနစ်ခုရှိ ကျန်းမာရေးစောင့်ရှောက်မှုဇုန်ပေါင်း ၆၂ ခုအထိ သက်ရောက်မှုရှိခဲ့ပြီး အီတူရီဒေသသည် ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်မအဖြစ် ဆက်လက်တည်ရှိနေကာ အတည်ပြုလူနာစုစုပေါင်း၏ ၇၇ ဒသမ ၇ ရာခိုင်နှုန်းကို ၎င်းဒေသတစ်ခုတည်းတွင် တွေ့ရှိရသည်။

အစီရင်ခံစာတွင် မြောက်ကီဗူးဒေသ၌ ရောဂါကူးသမ္မုစွမ်းရည်အပေါ် အထူးဖိအားများရှိနေကြောင်း သိရသည်။ အဆိုပါဒေသတွင် လူနာ ၃၇၃ ဦး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိပြီး ဆေးရုံခုတင်အသုံးပြုမှုနှုန်းမှာ ၉၄ ဒသမ ၇ ရာခိုင်နှုန်းအထိ ရောက်ရှိနေပြီဖြစ်သည်။

အီတူရီဒေသသည် ရောဂါဖြစ်ပွားမှုအမြင့်ဆုံးအဆင့်ကို ကျော်လွန်ပြီး လျော့ကျလာသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း နိုင်ငံ၏ ဇီဝဆေးပညာဆိုင်ရာ သုတေသနဌာန (National Institute of Biomedical Research) အကြီးအကဲ မူယမ်ဘီက ပြောကြားခဲ့သည်။

မြောက်ကီဗူးဒေသတွင်မူ ရောဂါကူးစက်မှုနှုန်း ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး အမြင့်ဆုံးအဆင့်တည်ငြိမ်သည့် အခြေအနေသို့ မရောက်ရှိသေးသဖြင့် နောက်ထပ်အဓိကရောဂါဖြစ်ပွားရာနေရာတစ်ခုဖြစ်လာနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

နီပေါနိုင်ငံ ရှဉ့်နှံပြိုကျမှုဖြစ်စဉ်အတွင်း သေဆုံးသူ ၁၄၀၃ ဦးနှင့် ပျောက်ဆုံးသူ ၆၁၅၀ ရှိလာ

ခတ္ဌမန္ဒူ စက်တင်ဘာ ၁၇

နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရှဉ့်နှံပြိုကျမှုဖြစ်စဉ်အတွင်း လက်ရှိအချိန်အထိ သေဆုံးသူ ၁၄၀၃ ဦးရှိပြီး ပျောက်ဆုံးနေသူ ၆၁၅၀ ရှိကြောင်း နီပေါနိုင်ငံ သဘာဝဘေးလျော့ချရေးနှင့် စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ရုပ် အလောင်းလေးလောင်းနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုကို ရာဆူဝါ ခရိုင်ရှိ ချီလိုင်မီ ရေအားလျှပ်စစ်စီမံကိန်း ဥမင်လိုဏ်ခေါင်းအတွင်းမှ ပြန်လည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဒေသခံ ၁၃၇၄ ဦးအား ကယ်ဆယ်နိုင်ခဲ့ပြီး ဒေသခံ ၂၀၉၆ ဦးမှာ ရာဆူဝါ၊ နဂါကော့နှင့် ဒါဒန်းခရိုင်များရှိ ခိုလှုံရေးစင်တာ ၂၉ ခုတွင် ခိုလှုံနေကြောင်း မှတ်တမ်းများအရ သိရသည်။

အဆိုပါ ခရိုင်များတွင် ဩဂုတ် ၂၆ ရက်မှစတင်၍ ရှဉ့်နှံပြိုကျမှုဖြစ်ပွားခဲ့ရာ ဒေသခံအများအပြားသေဆုံးပြီး နေအိမ်များ ထိခိုက်ပျက်စီးခဲ့ကာ ဒေသတွင်းရှိ ရေအားလျှပ်စစ်စီမံကိန်းများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ကြေးမုံ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူတရားခံ ၁၈၆ ဦးတို့အား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့





ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခါးပိုက်နှိုက်မှု ကျူးလွန်သူတရားခံများအား ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများ။

နေပြည်တော် စက်တင်ဘာ ၁၇

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်မှ စက်တင်ဘာ ၁၆ ရက်အထိ ခြောက်လတာကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ခါးပိုက်နှိုက်မှု ၂၀၆ မှုမှ ကျူးလွန်သူတရားခံ အမျိုးသား ၁၆၅ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၁၈၆ ဦးတို့အား ခါးပိုက်နှိုက်မှုကျူးလွန်ရာမှရရှိခဲ့သည့် သက်သေခံပစ္စည်းများဖြစ်သော လက်ကိုင်ဖုန်းမျိုးစုံ ၂၃၅ လုံး နှင့် ငွေကျပ် ၆၈၈၅၇၀၀ တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ခဲ့သည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း မှုခင်းကျဆင်းရေးနှင့် ဒုစရိုက်မှုများကင်းစင်စေရေးအတွက် နယ်မြေအတွင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ ဧည့်စာရင်းစစ်ဆေးခြင်း၊ မှုခင်းအသိပညာပေး ဟောပြောခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ စည်းကမ်းမဲ့ယာဉ်များ ဖမ်းဆီးခြင်းစသည့် မှုခင်းကျဆင်းရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နေ့/ညပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၈ ဒသမ ၇၅၉ တန်၊ သစ်မာ ၁၁ ဒသမ ၃၁၃၄ တန်၊ အခြား ၇၂ ဒသမ ၆၂၇၀ တန် စုစုပေါင်း ၉၂ ဒသမ ၆၉၉၅ တန်၊ ယာဉ်/ယန္တရား ရုစီး၊ တရားခံ ရုဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ ဆိုင်ကယ်ဖြင့် လုယက်မှုကျူးလွန်ခဲ့သူ အမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၇

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၇) ရပ်ကွက်နေ ဒေါ်အေးအေးသန်းသည် စက်တင်ဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်မြို့ ရွှေနှံ့သာကျေးရွာအုပ်စု ပုလဲ(၁) ရပ်ကွက် အမှတ်(၃)လမ်းမပေါ်ရှိ တံတားဖြူမှတ်တိုင်အနီး YBS ယာဉ်အား စီးနင်းရန်စောင့်ဆိုင်းနေစဉ် ဆိုင်ကယ်စီးနင်းလာသည့် အမျိုးသားနှစ်ဦးက ၎င်း၏စလင်းဘတ်အိတ်အား လုယူမောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်းသတင်းအရ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိနိုင်ရေး ထောက်ကြန့်နယ်မြေရဲစခန်း၌(ပ)၂၂၃/၂၀၂၆ ရာဇသတ်ကြီးပုဒ်မ ၃၈၂ ဖြင့် အမှုရေးဖွင့်၍ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၅ ရက် ညနေပိုင်းတွင် လုယက်မှုကျူးလွန်ရာ၌ ဆိုင်ကယ်မောင်းနှင်သူဖြစ်သည့် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်နေ တရားခံဝင်းထွဋ်(ခ)ဂီးဂီး ၄၂ နှစ်အား မင်္ဂလာဒုံမြို့နယ် ၂(က)ရပ်ကွက် ခရေပင်လမ်းမကြီးရှိ “ရွှေတက်လူ” လက်ဖက်ရည်ဆိုင်အနီး၌ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် HONDA 125 အမျိုးစား အနက်ရောင်ဆိုင်ကယ်တစ်စီးဖြင့် လည်းကောင်း၊ အဆိုပါဆိုင်ကယ်တွင် နောက်ထိုင်လိုက်ပါပြီး ဒေါ်အေးအေးသန်းထံမှ စလင်းဘတ်အိတ်အား လုယူခဲ့သူ မင်္ဂလာဒုံမြို့နယ် ၂(က)ရပ်ကွက်နေ တရားခံ နိုင်အောင်ရင် ၂၈ နှစ်အား ၎င်း၏နေအိမ်မှ လုယက်မှု ကျူးလွန်ရာမှရရှိသည့် Samsung အမျိုးအစားအနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ Itel K 70 အမျိုးအစား အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊



(ဝဲမှယာ) တရားခံ နိုင်အောင်ရင်၊ ဝင်းထွဋ်(ခ)ဂီးဂီး တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဒေါ်အေးအေးသန်း အမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ လူမှုဖူလုံရေးကတ် တစ်ခု၊ အစိုးရအဖွဲ့ရုံး ဝင်/ထွက်ခွင့်ကတ် တစ်ခု၊ KBZ Bank ကတ် တစ်ခု၊ ရဲရင့်ဘုန်း အမည်ပါ နိုင်ငံသားစိစစ်ရေးကတ် တစ်ခု၊ ကျောင်းကြို/ပို့ကတ် တစ်ခုနှင့် အသားရောင်စလင်းဘတ်အိတ် တစ်လုံးကို လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တရားခံများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၇ ရက်က ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်စဉ်။ **မြို့နယ်(ပြန်/ဆက်)**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘ ပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ် ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Rashit” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သာယာအေးရပ်ကွက်နေ အောင်ဇေယျထွဋ်(ခ) ရာရှိစ်ဒါအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် ဇေယျာသီရိနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့နယ်အတွင်း စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၉ နာရီခန့်တွင် နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာ၏ အရှေ့မြောက်ဘက် မိတာ ၁၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ကိုးဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၅၀ တို့အား အလျားပေ ၆၀၊ အနံပေ ၂၀ အလုပ်ရုံ(သက်ကယ်မိုး/အုတ်ကာ) အဆောက်အအုံ တစ်လုံး၊ အလျားပေ ၅၀၊ အနံပေ ၂၀ အလုပ်သမားတန်းလျား (သက်ကယ်မိုး/ပျဉ်ကာ) အဆောက်အအုံတစ်လုံး၊ အလျားပေ ၄၀၊ အနံပေ ၂၀ လူနေဆောင် (သွပ်မိုး/အုတ်ကာ) အဆောက်အအုံ နှစ်လုံး၊ အလျားပေ ၃၀၊ အနံပေ ၂၀ (သွပ်မိုး/သွပ်ကာ) စားချက်ဆောင် တစ်လုံး၊ Star Link အစုံ ၂၀၊ Laptop ၂၅ လုံး၊ ALL In One Computer အလုံး ၂၀၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ System ပုံး ကိုးလုံး၊ Printer နှစ်လုံး၊ ရေခဲသေတ္တာ တစ်လုံး၊ Freezer တစ်လုံး၊ ထိုင်ခုံမျိုးစုံ အလုံး ၅၀၊ မီးစက် (အကြီး) တစ်လုံး၊ အလျား သုံးပေ၊ အနံ ခြောက်ပေ စားပွဲ ၁၅ လုံး၊ ပန်ကာ လေးလုံးတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား အဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား ဖမ်းဆီးရမိစဉ်။



နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို တွေ့ရစဉ်။



နမ့်စန်မြို့နယ် ကုန်းယောင်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံနှင့် လုပ်ငန်းနေရာကို သိမ်းဆည်းရမိစဉ်။



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူးယစ်ရဲတပ်ဖွဲ့ခွဲ အမှတ်(၃၇) မူးယစ်တပ်ဖွဲ့စု (ပြည်)မှ ရဲမှူးခင်ဇော်ဦးနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၇ ရက်တွင် ပြည်မြို့ရွာဘဲရပ်ကွက်ရှိ လေးထပ်ပြင်စေတီတော်ပရိဝုဏ်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၆ ရက်က ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘာဏ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ကိုမြင့် ဦးဆောင်၍ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လွတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

